The Mon Forum
HUMAN RIGHTS NEWSLETTER

အတွဲ (၃)၊ အမှတ် (၃)၊ ဇွန်လ ၁၅၊ ၂၀၁၅ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ ထုတ်ဝေသည်

# မွန်အမျိုးသားကျောင်းမှ အစိုးရကျောင်းသို့ ပြောင်း ရွှေ့မည်ဆိုပါက စာသင်နှစ် ၁ နှစ်နစ်နာမည်



မွန်အမျိုးသားကျောင်းမှ အစိုးရကျောင်းသို့ ပြောင်းရွှေ့ ပညာသင်ယူမည်ဆိုပါက လက်ရှိ ပညာသင်ယူနေသော အတန်းအောက် တစ်တန်းလျှော့၍ တက်ရောက်သင်ယူမှသာ ပြောင်းရွှေ့ ခြင်းကို လက်ခံမည်ဟု ရသေ့တောင်ကျေးရွာကျောင်းအုပ်က မွန်အမျိုးသားကျောင်းမှ ဆရာ ဆရာမများကို ပြောဆိုခဲ့သည်။

▲ စာမျက်နှာ ၁၆ သို့

## အမျိုးသမီးနှင့် ကလေးအခွင့်အရေးအစီအစဉ်က ချို့တဲ့လှမ်းဝေး ပညာရေး အမည်ရှိ အစီရင်ခံစာ ထုတ်ပြန်




ဇွန် (၂) ၂၀၁၅

မွန်ပြည် လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ ဌာနခွဲတစ်ခုဖြစ်သော အမျိုးသမီးနှင့်ကလေးအခွင့် အရေးအစီအစဉ်က မွန်ကျေးလက်ပညာရေးနှင့် ပတ် သက်သော စိုးရိမ်ပူပန်မှုများအကြောင်းကို ဖော်ပြ ထားသော ‘ချို့တဲ့လှမ်းဝေးပညာရေး’ အမည်ရှိ အစီ ရင်ခံစာ တစ်စောင်ကို မွန်ပြည်နယ် မော်လမြိုင်မြို့ တွင် သတင်းစာရှင်းလင်းပွဲ ပြုလုပ်ပြီး ယနေ့ ၂၀၁၅ ခုနှစ် ဇွန်လ (၂) ရက်နေ့တွင် ထုတ်ဝေလိုက်သည်။

▲ စာမျက်နှာ ၃ သို့

## ကျောက်မီးသွေးစွမ်းအင်သုံးလျှပ်စစ်စက်ရုံကို ရေးဒေသခံ ၆၀၀၀ ခန့် ကန့်ကွက်ဆန္ဒပြ

မေ (၆) ၂၀၁၅

၂၀၁၅ မေလ (၅) ရက်နေ့တွင် မွန်ပြည် နယ် ရေးမြို့နယ် အံဒင်ကျေးရွာတွင် တည် ဆောက်မည့် ကျောက်မီးသွေးစွမ်းအင်သုံး လျှပ် စစ်ဓာတ်အားပေးစက်ရုံစီမံကိန်းကို ဒေသခံရွာသူ ရွာသား (၆၀၀၀) ခန့် စုရုံး၍ ကန့်ကွက်ဆန္ဒ ပြခဲ့ကြသည်။



▲ စာမျက်နှာ ၄ သို့

## လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်ပတ်သက်၍ တိုင်တန်းသူ နည်းပါး



မွန်ပြည်နယ်တွင် နေထိုင်ကြသော ပြည်သူလူထုများအနေဖြင့် လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ပတ်သက်၍ တိုင်တန်းကြားမှု ပြုလုပ်ခြင်း အလွန်တရာ နည်းပါးကြောင်း မွန်လူငယ်ပညာရေး အဖွဲ့ (Mon Youth Education Organization – MYEO) မှ အသိပညာပေးရေး တာဝန်ခံနိုင်ကို ကျွန်းက ပြောပါသည်။

▲ စာမျက်နှာ ၉ သို့

ရော်ဘာဈေးနှုန်း ကျဆင်းခြင်းနှင့်အတူ ချဲထီလောင်းကစားမှုမြင့်တက် စာ-၅
၂၀၁၅ရွေးကောက်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်ရန် မွန်အမျိုးသမီးပါတီကို ဖွဲ့စည်းတည်ထောင် စာ-၆
စာစီစာရိုက်နှင့် မိတ္တူဆိုင်များအနေဖြင့် လိုင်စင်သက် တမ်းတိုးရန်မလိုအပ်သော်လည်း ငွေကြေးပေးဆောင်နေရ စာ-၇
ချို့တဲ့လှမ်းဝေး ပညာရေး စာ-၁၀

# ရော်ဘာဈေးနှုန်း ကျဆင်းခြင်းနှင့်အတူ ချဲထီလောင်းကစားမှုမြင့်တက်

မုဒုံ
မတ် ၂၀၊ ၂၀၁၅

မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ ကမာဝက်၊ ကလော့သော့၊ တောင်ပို့၊ ဖယ်ဒိုနှင့် နီးပဒေါ်ကျေးရွာများတွင် ယခုလပိုင်းအတွင်း နှစ်လုံးထီ၊ သုံးလုံးထီ လောင်းကစားမှုနှုန်း မြင့်တက်လျက်ရှိကြောင်း၊ ချဲထီလောင်းကစားမှုကို ပြည်သူ့ရဲတပ်ဖွဲ့က အရေးယူဖမ်းဆီးမှုမရှိကြောင်း ဒေသခံရွာသားတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

ဖယ်ဒိုကျေးရွာသား နိုင်ရွှေက ကလော့သော့မှာဆို ''ရွာသားတွေက သူတို့ကြိုက်သလောက် ချဲထိုးနေကြတာပဲ။ ဂဏန်းတစ်ခုထဲကိုပဲ သောင်းချီထိုးကြတယ်။ ချဲရောင်းတဲ့သူတွေက တစ်ကွက်ကို (၂၀၀၀) အထိပဲ လက်ခံနိုင်တယ်လေ။ ဒါပေမယ့် ရောင်းတဲ့သူအချင်းချင်း ဆက်သွယ်ပြီး ထိုးသူ အဆင်ပြေအောင် လုပ်ပေးကြတာပဲ။ ရွာသားတွေက အကြွေးနဲ့ထိုးကြတော့ နောက်ကျအကြွေးတွေတင်။ ရဲကော မွန်ပြည်သစ်ပါတီကကော ချဲရောင်းနေတာကို မဖမ်းဘူး။ အဲတော့ သူတို့လည်း ချဲရောင်းတဲ့ သူတွေဆီကနေ ပိုက်ဆံရနေတယ်လို့ ပြောရမှာပဲ'' ဟု ပြောပြပါသည်။

လောင်းကစားမှုပုံစံအားလုံး လုံးဝပပျောက်စေရမည်ဟု နိုင်ငံတော်အစိုးရက ကြေညာထားသော်လည်း ယခုနှစ်အတွင်း မည်သည့် လောင်းကစားမှုကိုမှ ဖမ်းဆီးအရေးယူခြင်း မရှိသေးချေ။ ချဲထီလောင်းကစား မှုကို မနှစ်က နောက်ဆုံးဖမ်းဆီးခဲ့ပြီး ယခုနှစ် အစောပိုင်း မှစ၍ ချဲထီလောင်းကစားမှု သိသိသာသာမြင့်တက်လာခြင်း ဖြစ်သည်။

ချဲထီလောင်းကစားမှုကြောင့် ရွာသူရွာသားများအနေဖြင့် ပစ္စည်းဥစ္စာများ ဆုံးရှုံးခဲ့ရပြီး တစ်ချို့မှာ ဘဝပျက်ကာ နိုင်ငံရပ်ခြားသို့ သွားရောက် အလုပ်လုပ်ကိုင် နေရသည်။

''ကျွန်တော့်အမေက ချဲထိုးလို့ သိန်း(၁၄၀) လောက်အကြွေးတင်သွားတယ်။ သားသမီးတွေက ဝိုင်းဆပ်ပေးတော့ တော်သေးတယ်။ ဒါပေမယ့် အကုန်ဒုက္ခရောက်ကုန်တာပေါ့။ တောင်ပို့မှာဆို ထိုးတာရောရောင်းတာပါ လုပ်တဲ့သူတစ်ယောက်ရှိတယ်။ နောက်ဆုံးတော့ အကြွေးပိပြီး ထိုင်းမှာ အလုပ်သွားလုပ်နေရတယ်။ ခေတ်တွေသာ ပြောင်းသွားတယ်၊ ချဲထိုးချဲရောင်းတဲ့ သူတွေတော့ ရှိနေတာပဲ။ အခုတလော ရာဘာဈေးတွေကလည်း သိသိသာသာကျနေတော့ ချဲထိုး ချဲရောင်းတဲ့သူတွေ များများလာတာပါပဲ'' ဟု နိုင်ရွှေက ပြောပါသည်။

ယခုနှစ်တွင် ချဲထီရောင်းခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုလာသူများ ပိုမိုများပြားလာပြီး တစ်ချို့မှာ ချဲထီရောင်းချခြင်း တစ်ခုတည်းဖြင့် ဘဝရပ်တည်လျက် ရှိသည်။ ချဲထီရောင်းချသူများအနေဖြင့် ၎င်းတို့၏ လုပ်ငန်းကို စိတ်ကြိုက် လုပ်ကိုင်နေပြီး တယ်လီဖုန်းဆိုင်များ၊ လက်ဖက်ရည်ဆိုင်များနှင့် ရွာဈေးများတွင် ပေါ်ပေါ်ထင်ထင် ရောင်းချလျက်ရှိသည်။

မုဒုံမြို့နယ်အတွင်းရှိ ပြည်သူများအနေဖြင့်ရာဘာကို အဓိကစိုက်ပျိုးကြပြီး အသက်မွေးမှုဘဝကို ရာဘာလုပ်ငန်းပေါ်တွင် ပုံအပ်ထားသည်။ ယခုအချိန်တွင် ရာဘာဈေးကျဆင်းလာသဖြင့် လောင်းကစားဖက်ကို ပိုမိုအာရုံရောက်လာကြောင်း ဒေသခံ တစ်ဦးက ပြောပါသည်။

မနှစ်က မွန်ပြည်နယ်တွင် အရည်သွေးမြင့်ရာဘာချပ် တစ်ပေါင်လျှင် (၇၈၀) ကျပ် ဈေးပေါက်ခဲ့သော်လည်း ယခုနှစ်တွင် (၆၁၀) ကျပ်အထိ ဈေးကျသွားခဲ့သည်။ တစ်နေလှန်း ရာဘာချပ်များမှာမူ (၄၃၀) ကျပ်အထိကျဆင်းခဲ့သည်။

# မော်လမြိုင်တွင် (၁၄) နှစ်အရွယ် မိန်းကလေးတစ်ဦး အဓမ္မပြုကျင့်ခံရ

မတ် (၂၃) ၂၀၁၅

၂၀၁၅ ခုနှစ် မတ်လ (၁၃) ရက်နေ့တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ ရပ်ကွက်၌ အသက် (၁၄) အရွယ် မိန်းကလေးငယ်တစ်ဦး အဓမ္မပြုကျင့်ခံရကြောင်း သိရသည်။

၎င်းပြုကျင့်မှုသည် ပထမဆုံးအကြိမ်မဟုတ်ဘဲ မိန်းကလေးငယ်အနေဖြင့် တစ်ကြိမ်ထက်ပိုပြီး အမ္မပြုကျင့် ခံခဲ့ရသည်ဟုလည်း သိရသည်။

မတ်လ (၁၃) ရက်နေ့ ညနေခင်းတွင် မိန်းကလေးငယ်က အိမ်နားရှိဈေးဆိုင်တွင် ဈေးဝယ်ရန်ထွက်လာစဉ် မြင့်ဇော်ဦး (ဘဦးသိန်းမြင့်) က စကားပြောရန်ရှိသည်ဟုဆိုကာ မော်လမြိုင် View Point သို့ ခေါ်ဆောင်သွားပြီး ပထမအကြိမ် အဓမ္မပြုကျင့်ခဲ့သည်။

ထို့နောက် ကျိုက်မရောမြို့နယ် ပိန္နဲကုန်းကျေးရွာရှိ လူသူမရှိသော ထန်းရည်ဆိုင်သို့ ခေါ်ဆောင်သွားပြီး ဒုတိယအကြိမ် အဓမ္မပြုကျင့်ခဲ့ပြန်သည်။ မြင့်ဇော်ဦးက မိန်းကလေးငယ်ကို ပိန္နဲကုန်းရွာရှိ စွန့်ပစ်ထားသော လှေပေါ်သို့ ခေါ်သွားပြီး ထပ်မံ၍ အဓမ္မပြုကျင့်ခဲ့သည်။ မိန်းကလေး ငယ်က သုံးကြိမ်ဆက် အဓမ္မပြုကျင့်ခံခဲ့ရကြောင်း ထွက်ဆိုခဲ့သည်။

မိန်းကလေးငယ်အနေဖြင့် သုံးရက်တာမျှ နေအိမ်မှ ပျောက်ဆုံးနေခဲ့ပြီး မတ်လ (၁၆) ရက်တွင်မှ ပိန္နဲကုန်းရှိ ဆွေမျိုးတစ်ဦး၏ အိမ်တွင် ရောက်ရှိနေကြောင်း မိသားစုဝင်များကသိခဲ့ရသည်။

မိန်းကလေးငယ်၏ မိခင်က မတ်လ (၁၇) ရက်နေ့တွင် အမှုဖွင့်ခဲ့ပြီး တရားခံ မြင့်ဇော်ဦးအနေဖြင့် ပြစ်မှုဆိုင်ရာပုဒ်မ (၃၆၃) နှင့် (၃၇၆) အရ ပြစ်ဒဏ်ကျခံရမည်ဟု မော်လမြိုင်မြို့ ဇေယျာသီရိရဲစခန်းက အတည်ပြုသည်။

မနှစ်ကလည်း မွန်ပြည်နယ် ချောင်းဆုံမြို့နယ် တောင်စွန်းကျေးရွာတွင် အသက် (၁၆) နှစ်အရွယ် မိန်းမပျိုကို အသက် (၇၄) နှစ်အရွယ် လူတစ်ဦးက အဓမ္မပြုကျင့်ခဲ့ပြီး တရားခံကို ပြစ်မှုဆိုင်ရာပုဒ်မ (၃၇၆) ဖြင့် မော်လမြိုင် တရားရုံးတွင် အပြစ်ပေးနိုင်ခဲ့ကြောင်းသိရသည်။

▲ စာမျက်နှာ – ၁ မှ အဆက်

# အမျိုးသမီးနှင့် ကလေးအခွင့်အရေးအစီအစဉ်က ချို့တဲ့လှမ်းဝေး ပညာရေး အမည်ရှိ အစီရင်ခံစာ ထုတ်ပြန်




ဇွန် (၂) ၂၀၁၅

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ ဌာနခွဲတစ်ခုဖြစ်သော အမျိုးသမီးနှင့် ကလေးအခွင့်အရေးအစီအစဉ်က မွန်ကျေးလက်ပညာရေးနှင့် ပတ်သက်သော စိုးရိမ်ပူပန်မှုများအကြောင်းကို ဖော်ပြထားသော ‘ချို့တဲ့လှမ်းဝေး ပညာရေး’အမည်ရှိ အစီရင်ခံစာတစ်စောင်ကို မွန်ပြည်နယ် မော်လ မြိုင်မြို့တွင် သတင်းစာရှင်းလင်းပွဲ ပြုလုပ်ပြီး ယနေ့ ၂၀၁၅ ခုနှစ် ဇွန်လ (၂) ရက်နေ့တွင် ထုတ်ဝေလိုက်သည်။

၎င်း‘ချို့တဲ့လှမ်းဝေး ပညာရေး’အစီရင်ခံစာတွင် မွန်ကျေးလက်ဒေသရှိ ပညာရေးကဏ္ဍ၏ အခက်အခဲနှင့် စိန်ခေါ်မှုများကို တင်ပြနိုင်ရန်အတွက် မွန်ပြည်လူ့အခွင့်အရေး ဖောင်ဒေးရှင်း၏ ဌာနခွဲတစ်ခုဖြစ်သော အမျိုးသမီးနှင့် ကလေး အခွင့်အရေးအစီအစဉ်အနေဖြင့် မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းရှိ ရေး၊ ကြာအင်းဆိပ်ကြီးနှင့် ရေဖြူ မြို့နယ်များသို့ သွားရောက်၍ မွန်လူမျိုးအများစု နေထိုင်သော ကျေးရွာ (၁၇) ရွာကျော်မှ ပြည်သူလူထု (၁၄၆) ဦးကို တွေ့ဆုံ မေးမြန်းမှု ပြုလုပ်ခဲ့သည်။

အမျိုးသမီးနှင့်ကလေးအခွင့်အရေးအစီအစဉ် အနေဖြင့် အစိုးရစာသင်ကျောင်းများ၊ အစိုးရနှင့် မွန်အမျိုးသား ပညာရေးကော်မတီတို့ ပူးတွဲအုပ်ချုပ်သော ပူးပေါင်းကျောင်းများနှင့် မွန်အမျိုးသားစာသင်ကျောင်းများရှိ ဆရာ၊ဆရာမများနှင့် ကျောင်းသားကျောင်းသူများ ရင်ဆိုင်ကြုံတွေ့နေရသော ကြီးမားသည့် စိန်ခေါ်မှုများကို တင်ပြနိုင်ရန်အတွက် ရည်ရွယ် လုပ်ဆောင်ခဲ့သည်။

မွန်ကျေးလက်ပညာရေးနှင့် ပတ်သက်၍ အဓိကအကျဆုံး စိန်ခေါ်မှု (၂) ခု ရှိပြီး ကျောင်းထွက်နှုန်းမြင့်မားခြင်းနှင့် ပညာရေးဆိုင်ရာ အရင်းအမြစ်များ ရှားပါးခြင်း တို့ဖြစ်သည်။

နိုင်ငံတော်အဆင့်တွင် ပညာရေးပြုပြင်ပြောင်းလဲမှုတစ်ချို့ကို လုပ်ဆောင်နေကြသော်လည်း ၎င်းပြောင်းလဲမှုများသည် တိုင်းရင်းသား ကျေးလက်ဒေသအထိ အကျိုးသက်ရောက်မှုမရှိမည်ကို အမျိုးသမီးနှင့် ကလေးအခွင့် အရေးအစီအစဉ်က စိုးရိမ်လျက် ရှိသည်။

တွေ့ရှိချက်များကို ခြုံငုံသုံးသပ်ရလျှင် မွန်ကျေးလက်ဒေသရှိ ဆင်းရဲသော ကလေးငယ်များအနေဖြင့် ကျောင်းတက်နိုင်ရန် ခက်ခဲလျက်ရှိသည့် အပြင် ကျေးလက် စာသင်ကျောင်းများတွင်လည်း သင်ထောက်ကူပစ္စည်းများနှင့် ပညာရေး အရင်းအမြစ်များသည် ကာလကြာရှည်စွာ ချို့တဲ့နေခဲ့သည်။

တိတိကျကျ ပြောဆိုရလျှင် မြန်မာအစိုးရအနေဖြင့် မသင်မနေရ အခမဲ့မူလတန်း ပညာရေးစနစ်ကို အကောင်ထည်ဖော်နေသော်လည်း ကွင်းဆင်းလေ့လာခဲ့သော ကျေးရွာများရှိ ကလေးငယ်များ၏ သုံးပုံတစ်ပုံကျော်သည် မူလတန်းပညာကို ဆုံးခန်းတိုင် မသင်ကြားနိုင်ဘဲ ကျောင်းထွက်ခဲ့ရကြောင်း သိရသည်။

ကျောင်းထွက်ခဲ့ရသော ကလေးငယ်များ၏ သုံးပုံတစ်ပုံက ၎င်းတို့အနေဖြင့် မိသားစုစားဝတ်နေရေး ခက်ခဲမှုကြောင့် ကျောင်းထွက်ခဲ့ရကြောင်း ထုတ်ဖော်ပြော ဆိုခဲ့သည်။ ပညာရေးအရင်းအမြစ်ကဏ္ဍကို ကြည့်မည် ဆိုပါကလည်း လေ့လာခဲ့သော စာသင်ကျောင်း (၂၃) ကျောင်းအနက် (၁၄) ကျောင်းတွင် သင်ထောက်ကူပစ္စည်းနှင့် လူသားအရင်းအမြစ်များ လုံလောက်စွာ မရှိကြောင်းသိရသည်။

မြန်မာအစိုးရ၊ မွန်အမျိုးသားပညာရေးကော်မတီ၊ အပြည်ပြည်ဆိုင်ရာ အလှူရှင်များနှင့် မွန်ဒေသရှိ ပညာရေးကဏ္ဍနှင့် သက်ဆိုင်သော အဖွဲ့အစည်းများအားလုံး အနေဖြင့် အထက်ဖော်ပြပါ အခက်အခဲနှင့် စိန်ခေါ်မှုများကို အဓိကထား ဖြေရှင်းပေးပါရန် အမျိုးသမီးနှင့် ကလေးအခွင့်အရေး အစီအစဉ်က အထူးတိုက်တွန်းလိုက်ပါသည်။

ဆင်းရဲမွဲတေမှုကြောင့် ကျောင်းထွက်နှုန်း မြင့်မားနေခြင်းကို အရေးတကြီး ဖြေရှင်းရမည်ဖြစ်ပြီး ကျေးလက်ဒေသ စာသင်ကျောင်းများတွင် ပညာရေး အရင်းအမြစ်များ လုံလုံလောက်လောက် ရရှိစေရန် ပံ့ပိုးပေးရမည်ဖြစ်သည်။

ဤအစီရင်ခံစာတွင် ဖော်ပြထားသော အချက်အလက်များကို အသုံးပြု၍ ပညာရေး သုတေသနများနှင့် တွေ့ဆုံညှိနှိုင်း အဖြေရှာမှုများ ထပ်မံပြုလုပ်ခြင်း၊ ပညာရေးကဏ္ဍ တဆင့်ပြီးတဆင့် တိုးတက်လာစေရန် လိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်းကို ဆောင်ရွက်ပေးခြင်းဖြင့် အပစ်ပယ်ခံ အနာဂတ်ကြယ်ပွင့်ကလေးများ၏ ဘဝကို ထွန်းလင်းတောက်ပလာစေမည်ဟု အမျိုးသမီးနှင့်ကလေးအခွင့်အရေးအစီအစဉ်က ခိုင်ခိုင်မာမာ ယုံကြည်မျှော်လင့်လျက်ရှိသည်။

အသေးစိတ်အချက်အလက်များ အတွက် ကြီးကြပ်သူအရာရှိဖြစ်သူ မိထောချမ်း (ဖုန်း– ၀၉၂၅၅၈၀၈၃၅၄၊ အီးမေးလ် htawchanchan@gmail.com) ကို ဆက်သွယ်မေးမြန်းနိုင်ပြီး နိုင်စဝေါမွန် (ဖုန်း – ၀၉၂၅၀၃၃၃၀၁၉၊ ၀၉၉၇၇၄၇၂၈၀၈) သို့လည်း ဆက်သွယ်နိုင်ပါသည်။ အင်္ဂလိပ်ဘာသာဖြင့် မေးမြန်းလိုပါက မင်းဗညားဦး (ဖုန်း – ၀၉၇၈၈၈၇၁၉၉၂) သို့ မေးမြန်း နိုင်ပါသည်။

အစီရင်ခံစာအပြည့်အစုံကို www.rehmonnya.org တွင် ရယူနိုင်ပါသည်။

▲ စာမျက်နှာ – ၁ မှ အဆက်

# ကျောက်မီးသွေးစွမ်းအင်သုံးလျှပ်စစ်စက်ရုံကို ရေးဒေသခံ ၆၀၀၀ ခန့် ကန့်ကွက်ဆန္ဒပြ



**မေ (၆) ၂၀၁၅**

၂၀၁၅ မေလ (၅) ရက်နေ့တွင် မွန်ပြည်နယ် ရေးမြို့နယ် အံဒင်ကျေးရွာတွင် တည်ဆောက်မည့် ကျောက်မီးသွေးစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံစီမံကိန်းကို ဒေသခံရွာသူရွာသား (၆၀၀၀) ခန့် စုရုံး၍ ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။

ယခုနှစ်ဧပြီလတွင် တိုယို–ထိုင်းကုမ္ပဏီက ရေအားလျှပ်စစ်စီမံကိန်းဌာနနှင့် သဘောတူညီချက် လက်မှတ်ရေးထိုးပြီး အံဒင်ကျေးရွာတွင် မီဂါဝပ် (၁၂၈၀) ထွက်ရှိမည့် ကျောက်မီးသွေးစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို တည်ဆောက်ရန် စီစဉ်လာခဲ့သည်။ ကုမ္ပဏီ၏ ကြေညာချက်အရ စီမံကိန်းကို ၂၀၁၆ ခုနှစ်တွင် စတင်မည်ဖြစ်ပြီး အမေရိကန်ဒေါ်လာ (၂.၈) ဘီလီယံ ရင်းနှီးမြှုပ်နှံမည်ဖြစ်သည်။ စီမံကိန်းသက်တမ်းမှာ နှစ် (၃၀) ဖြစ်သည်။

အံဒင်ကျေးရွာဘောလုံးကွင်းတွင် စုရုံးကန့်ကွက်ကြသူများတွင် သံဃာတော်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လူမှုအဖွဲ့အစည်းများ၊ သဘာဝပတ်ဝန်းကျင်အရေး တက်ကြွ လှုပ်ရှားသူများ၊ လူငယ်အဖွဲ့အစည်းများနှင့် ဒေသခံရွာသူရွာသားများ ပါဝင်သည်။ ထိုသို့ စုရုံးကန့်ကွက်ပြီးနောက် ကြေညာချက်တစ်စောင်ကို အတူတကွ ထုတ်ပြန်ခဲ့ကြသည်။

ကြေညာချက်တွင် နိုင်ငံတော်အစိုးရနှင့် တိုယို–ထိုင်းကုမ္ပဏီအနေဖြင့် စီမံကိန်းနှင့် ပတ်သက်ပြီး ဒေသခံရွာသူရွာသားများကို ပွင့်လင်းမြင်သာစွာ ရှင်းပြခြင်းမရှိကြောင်း ဖော်ပြပါရှိသည်။ မနှစ်က ကုမ္ပဏီကိုယ်စားလှယ်များ စီမံကိန်းနေရာသို့ လာရောက်စဉ်တွင်လည်း မြေဧက (၅၀၀) ဝယ်ယူထားမှု၏ ရည်ရွယ်ချက်အမှန်ကို ဖုံးကွယ်ခဲ့ပြီး စက်ရုံတည်ဆောက်ရန်နှင့် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ရန်အတွက်သာ ဖြစ်သည်ဟု လိမ်ညာပြောဆိုခဲ့သည်။ ၎င်းမြေပေါ်တွင် ကျောက်မီးသွေးစက်ရုံ တည်ဆောက်မည်ဟု သိရှိသည့်အခါတွင် ရွာသူရွာသားများအနေဖြင့် အလွန်အမင်းစိတ်ဆင်းရဲခဲ့ရကြောင်း ပါရှိသည်။
ကျောက်မီးသွေးဓာတ်အားပေးစက်ရုံ၏ နောက်ဆက်တွဲဆိုးကျိုးများကို သိရှိနားလည်သည့်အပြင် ကောင်းကျိုးထက် ဆိုးကျိုးသာ ပိုများမည့် စီမံကိန်းဖြစ်ကြောင်း သိရှိသည့်အတွက် ဆန္ဒပြမှုကို လာရောက်ပူးပေါင်းခြင်း ဖြစ်ကြောင်း ကန့်ကွက်သူများက ဆိုပါသည်။ ရေးလူမှုအဖွဲ့အစည်း၏ အသင်းဝင်ဖြစ်သူ နိုင်စိုးပိုင်က ‘‘ စီမံကိန်းက ကျွန်တော်တို့ရဲ့ သဘာဝပတ်ဝန်းကျင်နဲ့ လူမှုစီးပွားအခြေအနေတွေကို ဖျက်စီးလိမ့်မယ်၊ ကျွန်တော်တို့ ဒီစီမံကိန်းကို ကျိန်းသေ ကန့်ကွက်ရမယ်’’ ဟု ပြောဆိုခဲ့သည်။

စုရုံးကန့်ကွက်ကြသူများ၏ စိုးရိမ်ပူပန်မှုများကိုလည်း အထင်းသား တွေ့မြင်နေရသည်။ ရွာသူရွာသားများ၏ စိုက်ပျိုးရေးလုပ်ငန်းနှင့် လယ်ကွက်များ၊ ဒေသခံများ၏ လူနေမှုဘဝ၊ ဒေသခံတို့ ဘိုးစဉ်ဘောင်ဆက် အမွေဆက်ခံပြီး တန်ဖိုးထား မြတ်နိုးလာခဲ့သော ဥယျာဉ်ခြံမြေများကို စက်ရုံက ဖျက်စီးပစ်မည်ကို စိုးရိမ်နေကြသည်။

ကျောက်မီးသွေး တင်သွင်းရန် ရေနက်ဆိပ်ကမ်း တည်ဆောက်မည်ဆိုပါက ဒေသခံ ငါးဖမ်းလုပ်သားများ၏ အသက်မွေးမှုဘဝ ဆုံးရှုံးမည်ကိုလည်း ရွာသားများက စိုးရိမ်နေသည်။ စက်ရုံတည်ဆောက်မည်ဆိုပါက ရွှေ့ပြောင်းလုပ်သား (၂၀၀၀၀) ကျော်ခန့် သုံးနှစ်အတွင်း ဝင်ရောက်လာမည်ဖြစ်ရာ ဒေသ၏ ရိုးရာလေ့ထုံးတမ်းနှင့် လူနေမှုဘဝအပေါ် များစွာရိုက်ခတ်လာမည်ကို ပူပန်လျက်ရှိကြသည်။ စက်ရုံကြောင့် ဖြစ်ပေါ်လာမည့် လေထုညစ်ညမ်းမှုဒဏ်က ကလေးငယ်များကို အန္တရာယ်ဖြစ်စေမည်ကိုလည်း စိုးရိမ်နေကြသည်။

နောက်ဆက်တွဲဆိုးကျိုးများကို ကုစားရန်အတွက် တိုယို–ထိုင်းကုမ္ပဏီက အမေရိကန်ဒေါ်လာ (၁.၅)သန်း ထုတ်ပေးခဲ့သော်လည်း ၎င်းပမာဏသည် လုံလောက်မှုမရှိချေ။ လူငယ်စွမ်းရည်မြှင့်တင်ရေး သင်တန်းများ ပို့ချစဉ် လွန်ခဲ့သောသုံးလအတွင်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း ကောက်ယူခဲ့သော သတင်းအချက်အလက်များအရ ကွမ်းသီးခြံ၊ သစ်သီးဝလံခြံများနှင့် အခြားဥယျာဉ်ခြံများမှ ရရှိသောဝင်ငွေသည် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ (၅) သန်းခန့်ရှိသည်။

တိုယို–ထိုင်းကုမ္ပဏီနှင့် နိုင်ငံတော်အစိုးရက ရွာသူရွာသားများ၏ စိုးရိမ်ပူပန်မှုများကို လစ်လျူရှုကာ စီမံကိန်းကို ဆက်လက်အကောင်အထည်ဖော်ရန် လုပ်ဆောင်နေခြင်းသည် ဒေသခံများ၏ အခွင့်အရေးကို ချိုးဖောက်ခြင်းဖြစ်သည်။ ချောင်းဆုံမြို့နယ်

▲ စာမျက်နှာ ၅ သို့

# တရားမဝင်နယ်စပ်ဖြတ်ကျော်မှုကြောင့် ခြစားမှုပြဿနာများ ဖြစ်ပွားနေကြောင်း ဒေသခံများနှင့် အသေးစားလုပ်ငန်းရှင်များ ပြောကြား

**မေ (၁၂) ၂၀၁၅**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်ရှိ ထိုင်း–မြန်မာ နယ်စပ်မြို့တစ်မြို့ဖြစ်သည့် ဘုရားသုံးဆူမြို့မှ ဒေသခံများနှင့် အသေးစားလုပ်ငန်းရှင်များက ၎င်းတို့နယ်စပ် ဒေသရှိ အကျင့်ပျက်အာဏာပိုင်များ၏ အလွန်အကျွံ လာဘ်စားနေမှုကို စိတ်ပျက်လျက်ရှိကြောင်း၊ တရားမဝင် နယ်စပ်ဖြတ်ကျော်မှုကြောင့် ခြစားမှုများကို ဖြစ်ပေါ်နေရကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ကူးသန်းရောင်းဝယ်ရေး သို့မဟုတ် ခရီးသွားလာရေးကြောင့် တရားမဝင် နယ်စပ်ဖြတ်ကျော်နေရသူများအပေါ် နယ်စပ်အာဏာပိုင်များက ၎င်းတို့သဘောဆန္ဒအတိုင်း မတရားငွေကြေး တောင်းခံလျက်ရှိသည်။

"နယ်စပ်ကို တရားဝင်မဖွင့်သေးသမျှတော့ (နယ်စပ်အရာရှိတွေ) ကောက်ထားတဲ့ အခွန်တွေကို (နိုင်ငံတော်ကို) ပြန်အပ်ဖို့မရှိဘူး။ သူတို့ကြိုက်သလို အခွန်ကောက်တော့ ကျွန်တော်တို့လို အသေးစားလုပ်ငန်းရှင်တွေက ဒုက္ခရောက်တာပေါ့ဗျာ။ ဒီဘုရားသုံးဆူကနေ သံဖြူဇရပ်အထိ အဖွဲ့အစည်းအမျိုးမျိုးကနေ ဖွင့်ထားတဲ့ စစ်ဆေးရေးဂိတ် (၂၇) ခု ရှိတယ်။ ပြည်သူတွေကတော့ မလိုအပ်လည်း အခွန်ပေးနေရတာပဲ။ ဒီလိုအခွန်ကောက်ပုံမျိုး ဘယ်နိုင်ငံမှမရှိဘူး" ဟု ဒေသခံအသေးစား လုပ်ငန်းရှင်တစ်ဦးကပြောသည်။

"နယ်စပ်က တရားဝင် မဖြစ်ဘူးဆိုရင် အခွန်တွေကို ဒေသခံ အစိုးရကပဲကောက်နေဦးမှာပဲ။ အဲဒီအခွန်တွေက နိုင်ငံတော်ဘဏ္ဍာထဲကို မရောက်ဘူး။ အကျင့်ပျက်အရာရှိတွေဆီပဲ ရောက်တယ်။ ခရီးသွားတွေ ဒေသခံအသေးစားလုပ်ငန်းရှင်တွေအတွက်တော့ ဒီအခွန်ကောက်ပုံကတော့ ဝန်ထုပ်ဝန်ပိုးတစ်ခုပါပဲ" ဟု ဒေသခံတစ်ဦးက ပြောပါသည်။

အသက် (၄၃) နှစ်အရွယ် စက်သုံးဆီ ရောင်းချသူ ကိုအောင်ဝင်းက အခွန်ကောက်ခံမှုများပြားခြင်းက ဒေသခံအသေးစားလုပ်ငန်းရှင်များ၏ ကုန်စည်တင်သွင်းမှုအပေါ် များစွာအကျိုးသက်ရောက်ပြီး လုပ်ငန်းရှင်များအနေဖြင့် အမြတ်အစွန်းရရှိရန် ခက်ခဲလာကြောင်း အသေးစိတ် ပြောပြပါ သည်။

"စက်သုံးဆီအပေါ် ကောက်တဲ့အခွန်က အတော်များတယ်။ ကျွန်တော်က ထိုင်းစက်သုံးဆီတွေ သွင်းတာလေ။ (ထိုင်းအရာရှိတွေကတော့) ထိုင်းဘတ် (၂၀၀၀၀) အခွန်ကောက်တယ်။ ဒါပေမယ့် ဗမာဘက်ခြမ်းလည်းရောက်ကော ထိုင်းဘတ် (၃၀၀၀၀) နီးပါး အခွန်ပေးရတယ်။ အမြတ်နည်းနည်းပဲရတယ်။ အလုပ်သမားခ၊ အချိန်၊ လုပ်အားတွေ နှုတ်လိုက်ပြီးရင် အမြတ်ကျန်ဖို့ အတော်ခက်တယ်။ အဲလိုပဲ ဘီယာတို့ အိမ်ဆောက်ပစ္စည်းတို့ဆိုလည်း အခွန်အတော်ပေးရတယ်"ဟု ကိုအောင်ဝင်းက ပြောပါသည်။

နယ်စပ်တရားဝင် ဖွင့်ရန်အတွက် ဘုရားသုံးဆူဒေသခံများနှင့် လုပ်ငန်းရှင်များက ဒေသခံအစိုးရကို နှစ်စဉ်နှစ်တိုင်း တိုက်တွန်းပြောဆိုလျက်ရှိသည်။ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဘုရားသုံးဆူမြို့သို့ လာရောက်လည်ပတ်သည့် ဧပြီလတွင်လည်း နယ်စပ်ဖွံ့ဖြိုးရေး၊ ကူးသန်းရောင်းဝယ်ရေးအကြောင်းများ ပြောဆိုဆွေးနွေးခဲ့ပြီး ဘုရားသုံးဆူတွင် ကောက်ခံနေသော အခွန်စနစ်နှင့် ပတ်သက်၍ အဖြေရှာနိုင်ရန် ဒေသခံနှင့် လုပ်ငန်းရှင်များက တင်ပြတောင်းဆိုခဲ့ကြသည်။ သို့သော် ပြည်နယ်အစိုးရက အကြောင်းအမျိုးမျိုးပြပြီး နယ်စပ်တရားဝင်ဖွင့်ရန် ဆင်ခြေအမျိုးမျိုးပေးနေခဲ့သည်။

"သူတို့ကောက်တဲ့ အခွန်တွေကို ဒေသခံအာဏာပိုင်နဲ့ ပြည်နယ်အစိုးရပဲ မျှယူကြတယ်။ ပြည်နယ်အစိုးရလည်း ခြစားမှုမှာပါတာပဲ။ ဒါကြောင့် လူတွေတောင်းနေတဲ့ နယ်စပ်တရားဝင်ဖွင့်ဖို့ကို အရေးမလုပ်တာ" ဟု ကိုအောင်ဝင်းက ပြောပါသည်။

"နယ်စပ်က တရားဝင်ဖွင့်ဖို့ အချိန်ကျနေပါပြီ။ အဲလိုလုပ်မှ ဒေသတွင်း ကုန်သွယ်မှုက တိုးတက်လာမှာ။ ဒေသခံတစ်ယောက်အနေနဲ့ ပြောရရင် အခွန်တွေကို ဘယ်လိုစနစ်တကျကောက်မယ်၊ ကောက်ထားတဲ့ အခွန်တွေကို ဘယ်လိုကောင်းကောင်းစီမံမယ်၊ ဘယ်လိုပွင့်လင်းမြင်သာအောင်လုပ်မယ်၊ ဒေသဖွံ့ဖြိုးရေးမှာ အခွန်တွေကို ဘယ်လိုသုံးမယ်ဆိုတာ ကျွန်တော်တို့ထိုင်းကနေ သင်ယူလို့ရတယ်။ ကျွန်တော့်အနေနဲ့ ပြောရရင် ကျွန်တော်တို့ အခွန်တွေအများကြီးပေးနေရတယ်။ ဒါပေမယ့် အဲအခွန်တွေ ဘယ်လောက်ရပြီး ဘယ်လိုဖြစ်သွားတယ်ဆိုတာ မသိရဘူး။ အဆိုးဆုံးအချက်ကတော့ အခွန်တွေကို ဒေသဖွံ့ဖြိုးရေးမှာ သုံးတယ်ဆိုတာ တစ်ခါမှမမြင်ရဘူး။ ဒါက အကြီးစား လာဘ်စားတာနဲ့ အတူတူပဲလေ။ ဒီလိုခြစားမှုတွေ ဆက်ဖြစ်နေမယ်ဆိုရင် ဒေသတိုးတက်လာမှာ ဘယ်တော့မှ မြင်ရမှာမဟုတ်ဘူး။ ဒေသခံအစိုးရအနေနဲ့ ဒီပြဿနာကို ဖြေရှင်းဖို့လိုတယ်" ဟု ဒေသခံစီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ပြောပါသည်။

---

▲ စာမျက်နှာ – ၄ မှ အဆက်

လွှတ်တော်ကိုယ်စားလှယ်ဖြစ်သူ ဒေါက်တာအောင်နိုင်ဦးကလည်း နိုင်ငံတော်သမ္မတက ကောင်းမွန်သောအစိုးရ၊ သန့်ရှင်းသောအစိုးရစနစ်ကို အကောင်အထည်ဖော်မည်ဟု ပြောဆိုနေသော်လည်း ဒေသခံများ၏ ဆန္ဒအသံကို နားမထောင်ခြင်းသည် အာဏာရှင်အစိုးရ၏ လုပ်ရပ်သာဖြစ်သည်ဟု ပြောဆိုသည်။

ဒေသခံရွာသူရွာသားများ အနေဖြင့် စီမံကိန်းကို ဆန့်ကျင်ကြောင်း မနှစ်က စုပေါင်းလက်မှတ်ရေးထိုးခဲ့သည်။ စီမံကိန်းနှင့်ပတ်သက်သော သတင်းအချက်အလက်များ မရရှိသေးကြောင်း၊ ပွင့်လင်းမြင်သာမှု အလွန်အမင်း အားနည်းကြောင်း၊ ဒေသခံတစ်ဦးအနေဖြင့် စီမံကိန်းကို မည်သို့မျှ လက်မခံနိုင်ကြောင်း ဆန္ဒပြသူတစ်ဦးက ပြောပြခဲ့သည်။

"ကျွန်တော်တို့ စီမံကိန်းကို ဆက်ပြီး ကန့်ကွက် ဆန့်ကျင်သွားမှာပါ။ စီမံကိန်းက ကျွန်တော်တို့ဘဝနဲ့ အသက်မွေးမှုကို ခြိမ်းခြောက်နေတဲ့အတွက် ဖြစ်နိုင်တဲ့နည်းလမ်းအားလုံးသုံးပြီး ကန့်ကွက်သွားမှာပါ "ဟု ဆန္ဒပြသူ မိမြင့်မော်က မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းကို ပြောပြပါသည်။

ကန့်ကွက်ဆန္ဒပြသူများကို အားပေးထောက်ခံကြောင်းနှင့် စီမံကိန်းကို ကန့်ကွက်ရှုတ်ချကြောင်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းနှင့် မွန်လူငယ်အဖွဲ့အစည်းများက ကြေညာချက် အသီးသီး ထုတ်ပြန်ခဲ့သည်။

# ၂၀၁၅ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် အမျိုးသမီးပါတီ (မွန်) ကို ဖွဲ့စည်းတည်ထောင်



မေ (၃၁) ၂၀၁၅

၂၀၁၅ ခုနှစ် မေလ (၂၈) ရက်နေ့တွင် မွန်အမျိုးသမီးများ၏ အကျိုးစီးပွားကို ကိုယ်စားပြုသော အမျိုးသမီးပါတီ(မွန်)အား မှတ်ပုံတင်ခြင်းကို ခွင့်ပြုကြောင်း ရွေးကောက်ပွဲကော်မရှင်က အကြောင်းကြားခဲ့သည်။ အမျိုးသမီးပါတီကို ရှင်စောပု အမျိုးသမီးစွမ်းဆောင်ရှင်များအသင်း၏ အဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်သူ မိသန်းရှင်းက ဦးဆောင်ပြီး ၂၀၁၄ ခုနှစ် အောက်တိုဘာလတွင် စတင်ဖွဲ့စည်းခဲ့သည်။ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းနှင့် ပြုလုပ်သော တွေ့ဆုံမေးမြန်းမှုတွင် မိသန်းရှင်းက ပါတီအကြောင်းနှင့် လာမည့်ရွေးကောက်ပွဲတွင် အောင်နိုင်ရန် မည်သို့မျှော်လင့်ထားသည်ကို ပြောပြခဲ့သည်။

မွန်အမျိုးသမီးတစ်စုက တနင်္သာရီတိုင်းရှိ မွန်ဒေသသို့သွားရောက်ပြီး မွန်လူဦးရေစာရင်း ကောက်ခံခဲ့သည်ကို အကြောင်းပြု၍ အမျိုးသမီးပါတီတည်ထောင်ရန် အကြံရခဲ့ခြင်းဖြစ်ကြောင်း မိသန်းရှင်းက ပြောပြပါသည်။ လူဦးရေကောက်ခံသည့် ခရီးစဉ်တွင် တနင်္သာရီတိုင်းရှိ မွန်လူမျိုးများက ဗမာမှတ်ပုံတင်ကိုင်ဆောင်ထားပြီး မွန်စကားကိုလည်း ပြောဆိုကြခြင်း မရှိချေ။ ၎င်းဒေသရှိ မွန်လူမျိုးများ မွန်မှတ်ပုံတင် ပြန်လည်ရရှိရန်အတွက် လူဦးရေ ကောက်ခံသည့်အဖွဲ့က အကူအညီတစ်စုံတရာ ပေးအပ်လိုခဲ့သည်။ ထိုသို့လုပ်ဆောင်ရန် လက်ရှိမွန်နိုင်ငံရေးပါတီများ၏ အင်အားနှင့် လုံလောက်ခြင်းမရှိဟု အမျိုးသမီးအဖွဲ့က ခံစားခဲ့ရသည့်အပြင် မွန်အမျိုးသမီးများအနေဖြင့်လည်း တန်းတူအခွင့်အရေး မရရှိသေးကြောင်း ယုံကြည်ခဲ့သည်။

''အမျိုးသားတွေနဲ့ တန်းတူ ရင်ဘောင်တန်းနိုင်ဖို့ အမြဲကြိုးစားနေတော့ တစ်ချို့ ကျွန်မတို့ကို သိပ်မကြိုက်ချင်ဘူး။ ဒါကြောင့် နိုင်ငံရေးမှာ ပါဝင်လုပ်ဆောင်နိုင်ဖို့ ပါတီတည်ထောင်သင့်တယ်လို့ ကျွန်မတို့ ဆုံးဖြတ်ခဲ့တယ်''ဟု မိသန်းရှင်း ပြောပါသည်။

လက်ရှိမွန်ပါတီနှစ်ခု ပေါင်းစည်းနိုင်မှု မရှိခြင်းက ၂၀၁၅ ရွေးကောက်ပွဲအတွက် အကြပ်အတည်းဖြစ်နိုင်သည့် အကြောင်းအချက်ကလည်း အမျိုးသမီးပါတီကို ဖွဲ့စည်းရန် အားပေးခဲ့သည်။ မွန်အမျိုးသမီးများအနေဖြင့် ကိုယ်ပိုင်ပါတီတည်ရှိမည်ဆိုပါက ကြားနေ တတိယအင်အားစုကို စုစည်းနိုင်မည်ဖြစ်ပြီး လက်ရှိမွန်ပါတီနှစ်ခုကို ပေါင်းစည်းပေးနိုင်မည်ဟု မိသန်းရှင်းက ဆိုပါသည်။

အမျိုးသမီးပါတီ၏ အဓိကရည် ရွယ်ချက်မှာ တန်းတူညီမှုရရှိရေး၊ လိင်ခွဲခြားမှုမရှိစေရေးနှင့် ကွဲပြားခြားနားသော တိုင်း ရင်းသား အမျိုးသမီးများအကြား အခွင့်အရေးတန်းတူရရှိရေး ဖြစ်ကြောင်း မိသန်းရှင်းက ရှင်းပြပါသည်။ ယခုအချိန်တွင် အမျိုးသမီးပါတီ(မွန်)၏ ပါတီမှတ်ပုံတင်ခြင်းကို ရွေးကောက်ပွဲကော်မရှင်က ခွင့်ပြုခဲ့သဖြင့် လာမည့်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ ရွေးကောက်ပွဲတွင် အောင်နိုင်ခဲ့ပါက ပါတီအနေဖြင့် အမျိုးသမီးများအကျိုးကို ပိုမိုမြှင့်တင်နိုင်မည်ဖြစ်ပြီး အမျိုးသမီးကဏ္ဍ ဘက်စုံတိုးတက်အောင် ဆောင်ရွက်နိုင်မည် ဖြစ်သည်။

''ကျွန်မတို့ အမျိုးသမီးတွေမှာလည်း စွမ်းဆောင်ရည်ရှိတယ်ဆိုတာ ကျွန်မတို့ ယုံတယ်။ တစ်ကမ္ဘာလုံးက အမျိုးသမီးတွေနဲ့ ချိတ်ဆက် လုပ်ဆောင်သွားမှာပါ။ မွန်အမျိုးသမီးတွေရဲ့ဘဝကို ပိုမိုခိုင်မာစေရမယ်။ လာမည့်ရွေးကောက်ပွဲမှာ မွန်လူမျိုးတွေ စည်းလုံးဖို့ ရွေးကောက်ပွဲနိုင်ဖို့ လုပ်ဆောင်သွားမှာပါ''ဟု မိသန်းရှင်းက ပြောပါသည်။

အမျိုးသမီးပါတီအနေဖြင့် လိင်တန်းတူရေးကို အဓိကထား လုပ်ဆောင်သွားမည်ဖြစ်သော်လည်း တစ်ခြားအရေးကြီးသော လုပ်ငန်းများလည်း ရှိသေးကြောင်း မိသန်းရှင်းက ပြောပါသည်။

''ပါတီဝင် တော်တော်များများက ရှင်စောပု အမျိုးသမီးစွမ်းဆောင်ရှင်များအသင်းက လာကြတာ။ အမျိုးသမီး အရေးကို အတတ်နိုင်ဆုံး လုပ်သွားမယ်။ အမျိုးသမီးပါတီဆိုပြီး အမျိုးသမီးအရေး တိုးတက်ဖို့ပဲ လုပ်နေမှာမဟုတ်ဘူး။ မွန်တစ်မျိုးသားလုံးအတွက် လုပ်မှာ။ အားလုံးက ကျွန်မတို့ကို ထောက်ခံအားပေးစေချင်တယ်''ဟု မိသန်းရှင်းက ပြောပါသည်။

> ''မွန်အမျိုးသမီးတွေရဲ့ဘဝကို ပိုမိုခိုင်မာစေရမယ်။ လာမည့်ရွေးကောက်ပွဲမှာ မွန်လူမျိုးတွေ စည်းလုံးဖို့ ရွေးကောက်ပွဲနိုင်ဖို့ လုပ်ဆောင်သွားမှာပါ''

# အံဒင်တွင်တည်ဆောက်မည့် ကျောက်ကမီးသွေးစမ်းအင်သုံး လျှပ်စစ်စက်ရုံနှင့်ပတ်သက်၍ မွန်ပြည်လူ့အခွင့်အရေး ဖောင်ဒေးရှင်းက ကြေညာချက်ထုတ်ပြန်

မေ (၅) ၂၀၁၅

မွန်ပြည်နယ် ရေးမြို့နယ် ဖာလိန်ဒေသ အံဒင်ကျေးရွာတွင် တိုယို-ထိုင်းကုမ္ပဏီမှ တည်ဆောက်ရန် စီစဉ်နေသည့် (၁၂၈၀) မီဂါဝပ် ကျောက်မီးသွေးစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် ပတ်သက်၍ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက များစွာစိုးရိမ်ပူပန်မိကြောင်း ဖော်ပြအပ်ပါသည်။ စီမံကိန်းစတင်ရန် လုပ်ဆောင်နေခြင်းသည် တိုယို-ထိုင်းကုမ္ပဏီအနေဖြင့် ပြည်ပရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စည်းမျဉ်းဥပဒေများနှင့် စီမံကိန်းဧရိယာအတွင်း နေထိုင်နေကြသည့် ပြည်သူများ၏ အခွင့်အရေးများကို ချိုးဖောက်လိုက်ခြင်းလည်း ဖြစ်သည်။

တိုယို-ထိုင်းကုမ္ပဏီက စီမံကိန်းကို အကြံပြုစဉ်ကတည်းကပင် စီမံကိန်းဧရိယာအတွင်းရှိ ဒေသခံပြည်သူများက စိုးရိမ်ပူပန်မှုနှင့် မတည်ငြိမ်မှုများကို ခံစားခဲ့ကြသည်။ ၎င်းရင်းနှီးမြှုပ်နှံမှုသည် ဒေသခံတို့၏ စည်းလုံးညီညွတ်မှုကို ပြိုကွဲစေသကဲ့သို့ ရေးမြို့နယ်ရှိ တိုင်းရင်းသားများ၊ နိုင်ငံရေးပါတီများနှင့် သာသနာရေးဆိုင်ရာ အဖွဲ့အစည်းများအကြား အင်အားလွန်ဆွဲမှုကို ဖြစ်ပေါ်စေခဲ့သည်။

စီမံကိန်း အကောင်အထည်ဖော်မည့်သူများနှင့် ဆန့်ကျင်သူ ဒေသခံပြည်သူများအကြား သဘောထားတင်းမာမှုနှင့် ပဋိပက္ခများ တစ်နေ့တခြား မြင့်တက်လာခြင်းကို မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းအနေဖြင့် များစွာပူပန်မိသည်။ ပဋိပက္ခနှင့် သဘောမတူညီမှုများ မြင့်တက်လာခြင်းကြောင့် ဒေသခံများ၏ စည်းလုံးညီညွတ်မှုနှင့် ဒေသတွင်း တည်ငြိမ်မှုအပေါ် များစွာဆိုးကျိုး သက်ရောက်လျက်ရှိသည်။

ဓာတ်အားပေးစက်ရုံ တည်ဆောက်ရခြင်း၏ မူလရည်ရွယ်ချက်သည် အိမ်နီးချင်းနိုင်ငံများသို့ လျှပ်စစ်ဓာတ်အား ရောင်းချရန်သာဖြစ်သည့်အတွက် အနည်းငယ်သော ဓာတ်အားကိုသာ မွန်ပြည်နယ်မှ ပြည်သူလူထုများက ရရှိသုံးစွဲခွင့်ရှိသည်။ သို့သော် မွန်ပြည်နယ်မှ ပြည်သူလူထုများအနေဖြင့် ကျောက်မီးသွေးဓာတ်အားပေးစက်ရုံ၏ နောက်ဆက်တွဲ ဆိုးကျိုးများကို နောင်တစ်ချိန်တွင် အပြင်းအထန်ခံစားရမည် ဖြစ်သည်။ မြန်မာအစိုးရအနေဖြင့် စွမ်းအင်ဆိုင်ရာမူဝါဒများကို ပြန်လည်သုံးသပ်ရန် လိုအပ်နေပြီး ဒေသခံများအပေါ် ဆိုးကျိုးများ ကျိန်းသေကျရောက်စေမည့် ကျောက်မီးသွေးဓာတ်အားပေးစက်ရုံများ တည်ဆောက်မည့် အစီအစဉ်ကို ချက်ချင်းရပ်တန့်ပစ်ရမည်ဖြစ်သည်။

မွန်ပြည်နယ်အစိုးရအနေဖြင့် ဒေသခံတို့၏ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများကို လေးစားကာကွယ်ပေးရန်နှင့် မွန်ပြည်နယ်အတွင်းရှိ သဘာဝပတ်ဝန်းကျင်များကို ထိန်းသိမ်းကာကွယ်ရန်အတွက် အစီအစဉ်များ ချမှတ်ဆောင်ရွက်ရန် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက တိုက်တွန်းလိုက်သည်။

မွန်ပြည်နယ်အတွင်းရှိ နိုင်ငံရေးပါတီများနှင့် လူထုခေါင်းဆောင်များကလည်း သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်ရန်၊ အနာဂတ်မျိုးဆက်များ၏ အခွင့်အရေးကို မြှင့်တင်ရန်၊ လူမှုပြဿနာနှင့် စိတ်ဝမ်းကွဲမှုကို ဖြစ်ပေါ်စေသော ယခုရင်းနှီးမြှုပ်နှံမှုကို တားဆီးဆန့်ကျင်ရန် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက ထပ်မံ တိုက်တွန်းပါသည်။

မွန်ပြည်နယ်အတွင်းရှိ ပြည်သူလူထုများအနေဖြင့်လည်း သဘာဝပတ်ဝန်းကျင်နှင့် ထောင်သောင်းများစွာသော ပြည်သူများ၏ အသက်မွေးမှုနှင့် လူမှုစီးပွား အခြေအနေများအပေါ် ဆိုးကျိုးဖြစ်ပေါ်စေမည့် ကျောက်မီးသွေးဓာတ်အားပေးစက်ရုံစီမံကိန်းကို ဆန့်ကျင်ခြင်းဖြင့် သဘာဝအလှတရားများကို ကာကွယ်ရန်၊ ဒေသတွင်းစည်းလုံးမှုနှင့် တည်ငြိမ်မှုကို ထိန်းသိမ်းရန် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက နောက်ဆုံး တိုက်တွန်းလိုက်ရပါသည်။

# ကျောင်းသားမိဘများ ကျူရှင်စရိတ် မတတ်နိုင်

ယခုစာသင်နှစ်တွင် အထက်တန်းပညာတက်ရောက်သင်ကြားမည့် ကျောင်းသားကျောင်းသူများ၏ ကျူရှင်စရိတ် များပြားမှုကြောင့် ကျောင်းသားမိဘများအနေဖြင့် ၎င်းတို့၏သားသမီးများကို ပြင်ပကျူရှင် တက်ရောက်ခြင်း မပြုစေဘဲ ကျောင်းဆရာများနေအိမ်တွင် ဖွင့်လှစ်ထားသော ဘော်ဒါဆောင်၌ ကျောင်းအိပ်ကျောင်းစားအဖြစ် အပ်နှံမှုများ ပိုမိုများပြားလာသည်။

ကျောင်းအိပ်ကျောင်းစားအဖြစ် အပ်နှံလျှင် ငွေကြေးကို တစ်နှစ်စာအပြီးအပိုင်ပေးချေရမည်ဖြစ်ပြီး ယခင်နှစ်က ဆယ်တန်းကျောင်းသားတစ်ဦးလျှင် ငွေကျပ် (၁၀) သိန်းခန့် ကုန်ကျသည်။ ပြင်ပကျူရှင်တက်မည်ဆိုပါက ၎င်းစရိတ်ထက် ပိုမိုကုန်ကျမည်ဖြစ်ကြောင်း မိဘများက ညည်းညူကြသည်။

ဖယ်ဒိုမှ အထက်တန်းကျောင်းသားတစ်ဦး၏ ဖခင်ဖြစ်သူ နိုင်လှက ''ကျွန်တော့်သားက ဒီနှစ်ဆို ဆယ်တန်းတက်မှာလေ။ မုဒုံမှာ ထားထားတာ။ ပြီးခဲ့တဲ့နှစ်တွေတုန်းကတော့ ကျူရှင်ခက တစ်ဘာသာဆို ငါးသောင်းပဲ။ ဘယ်နှဘာသာ တက်မလဲဆိုတာတော့ ကိုယ့်သဘောပဲလေ ။ သွားစရိတ် လာစရိတ်နဲ့ဆို ဆယ်သိန်း ကျော်ကုန်တယ်။ ဒါကြောင့် (ဒီနှစ်) ဘော်ဒါဆောင်မှာပဲထားမယ် စိတ်ကူးထားတယ်။ ဆယ်သိန်းဆိုတော့ နည်းနည်း သက်သာမလား။ နောက်ပြီး ဆရာတွေဖွင့်ထားတဲ့ အဆောင်ဆိုတော့ စိတ်အေးရတယ် လေ''ဟု ပြောပါသည်။

ကိုးတန်း ဆယ်တန်းကလေးရှိတဲ့ မိဘတွေဆိုရင် ဝန်ထုပ်ဝန်ပိုး ထမ်းထားရတဲ့ သူတွေလိုပဲလေ။ အိမ်မှာ စားစရာမရှိရင်နေပါစေ၊ သူတို့(ပညာရေး)အတွက် မဖြစ်မနေ ရှာပေးရတယ်။ အဲလိုမှမလုပ်ရင် သူတို့က

▲ စာမျက်နှာ ၇ သို့

# စာစီစာရိုက်နှင့် မိတ္တူဆိုင်များအနေဖြင့် လိုင်စင်သက်တမ်းတိုးရန်မလိုအပ်သော်လည်း ငွေကြေးပေးဆောင်နေရ




၂၀၁၅ နှစ်ဦးပိုင်းမှ စတင်၍ ပုံနှိပ်သူများ၊ ထုတ်ဝေသူများ မှတ်ပုံတင်နှင့် ဖြန့်ချိရေးလုပ်ငန်းများအတွက် လုပ်ကိုင်ခွင့်လိုင်စင် သက်တမ်းတိုးရန် မလိုအပ်သော်လည်း စာစီစာရိုက်နှင့် မိတ္တူဆိုင်များအနေဖြင့် ငွေကြေး သုံးသောင်းကျပ် ပေးဆောင်ရမည်ဟု ဆိုကာ မြို့နယ်ပြန်ကြားရေးဌာနက ကောက်ခံနေကြောင်း သိရသည်။

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ပင‌ကျေးရွာနေ စာစီစာရိုက်လုပ်ငန်း လုပ်ကိုင်နေသူတစ်ဦးဖြစ်သူ မိချမ်းက ''အရင်တုန်းကဆိုရင် ကျွန်မဆိုင်က တစ်နှစ်ဆို ခြောက်သောင်းပေးရတယ်။ ယခုနှစ်သစ်မှာ သက်တမ်းသွားတိုးတော့ သံဖြူဇရပ်မြို့နယ် ဒုတိယညွှန်ကြားရေးမှူး ဒေါ်ယုယုဝင်းက 'နောင်ဆိုရင် သက်တမ်းတိုးစရာမလိုတော့ဘူး၊ ဓာတ်ပုံဆိုင်တွေရော စာစီစာရိုက်နဲ့ မိတ္တူဆိုင်တွေပါ လွတ်လွတ်လပ်လပ် လုပ်နိုင်ပြီ၊ ဒါပေမယ့် ရှေ့လဆို ပိုက်ဆံ သုံးသောင်းပေးရမယ်' လို့ ပြောတယ်''ဟု ပြော ပြခဲ့သည်။

စာစီစာရိုက်နှင့် မိတ္တူဆိုင်ရှင်များက သက်တမ်းတိုးရန် မလိုအပ်သော်လည်း ငွေကြေးကောက်ခံမှုကို မေးခွန်းထုတ်ခဲ့ကြသော်လည်း တာဝန်ရှိသူများက လုံလောက်သော ဖြေရှင်းမှု မပေးခဲ့ချေ။ ဆိုင်ရှင်များအနေဖြင့်လည်း အကြောင်းမဲ့ကောက်ခံမှုကို မလွန်ဆန်နိုင်သဖြင့် ငွေကြေးပေးရန် သဘောတူခဲ့ရသည်။

''ကွန်ပျူတာ စာစီစာရိုက်ဆိုင်တွေ ဓာတ်ပုံဆိုင်တွေ ဗီဒီယိုရိုက်ကူးရေးတွေ လိုင်စင်သက်တမ်းတိုးဖို့ မလိုတော့ဘူးလို့ ကြားနေရပေမယ့် မြို့နယ်ပြန်ကြားရေးက ငွေဆက်ကောက်နေတော့ တရားမျှတမှု မရှိဘူးလို့ပဲ မြင်တယ်။ ဥပဒေစည်းကမ်းတွေလည်း ဘာမှ ရှင်းမပြဘူး၊ မထုတ်ပြန်ဘူး၊ ကိုယ့်ဟာကိုယ် လေ့လာနေရတယ်။ အပေါ်ကသာ အမှန်တကယ် ခွင့်ပြုခဲ့မယ်ဆိုရင် သူတို့ငွေကောက်နေတာက တရားဥပဒေနဲ့ မညီဘူးလေ။ ရုံးဝန်ထမ်းတွေ လုပ်စားတာပဲလို့ မြင်တယ်'' ဟု မိချမ်းက ဆက်ပြောပါသည်။

''ခွင့်ပြုပေးလိုက်ပြီ ဆိုပေမယ့် တက် ကြွလှုပ်ရှားသူတွေနဲ့ နိုင်ငံရေး လုပ်နေတဲ့သူတွေအနေနဲ့ သတိထားဖို့ လိုမယ်လို့ ကျွန်တော်ထင်တယ်၊ ဘာလို့လဲဆိုတော့ အီလက်ထရောနစ်ဥပဒေဆိုတာ မဖျက်သိမ်းရသေးဘူးလေ။ အဲဥပဒေက တက်ကြွလှုပ်ရှားသူတွေကို အချိန်မရွေးဖမ်းနိုင်ဖို့ လုပ်ထားတဲ့ ဥပဒေပဲ။ အခုချိန်မှာ ဒီမိုကရေစီလို့ ပြောနေပေမယ့် ဘာမှလွတ်လွတ်လပ်လပ် လုပ်လို့ မရသေးဘူးလေ''ဟု ဗီဒီယိုရိုက်ကူးရေးလုပ်ငန်းရှင်တစ်ဦးက ပြောပါသည်။

လာဘ်စားမှုပြဿနာသည် မြန်မာ အစိုးရအဆက်ဆက် မဖြေရှင်းနိုင်သော အကြီးမားဆုံး ပြဿနာဖြစ်ပြီး အကျင့်ပျက်ဝန်ထမ်းများ၏ မတရားငွေကြေးတောင်းခံမှုကို ပြည်သူများက နေ့စဉ်နှင့်အမျှ ရင်ဆိုင်ကြုံတွေ့နေရသည်။

▲ စာမျက်နှာ – ၇ မှ အဆက်

မအောင်ဘူးလေ။ ကျလို့ နောက်တစ်နှစ်ပြန်နေရမယ်ဆို ဆယ်သိန်းအထက်ပဲ။ မိဘတွေရဲ့ဒုက္ခက မသေးဘူး။ ကျောင်းတစ်နှစ်တစ်နှစ်ပြီးဖို့ ကုန်ကျရတာ မသက်သာဘူး'' ၎င်းက ဆက်ပြောပါသည်။

ပြင်ပကျူရှင်တက်ခြင်းသည် မြန်မာနိုင်ငံပညာရေး၏ ယဉ်ကျေးမှုတစ်ခု ကဲ့သို့ ဖြစ်နေပြီး ငွေကြေးမတတ်နိုင်သဖြင့် ကျူရှင်မထားနိုင်သောကြောင့် ကလေးများကို ကျောင်းထုတ်လိုက်ရသော မိဘများလည်း ရှိသည်။

''ကျွန်တော့်သားကို ကိုးတန်းမှာ ကျူရှင်မထားနိုင်လို့ ကျောင်းထုတ်လိုက်ရတယ်။ ငွေမရှိလို့ ကိုယ့်အိမ်မှာကိုယ် စာလုပ်လည်း ဘယ်လောက်တတ်မလဲ။ ကျူရှင်မထားရင် ဒီတစ်သက် မအောင်တော့ဘူး။ ကျူရှင်မတက်ဘဲ (၂) နှစ်လောက်နေလည်း ပြီးရော နားလည်သွားတယ်။ ကိုယ်ကကျူရှင်စရိတ်မတတ်နိုင်ရင် ကိုယ့်သားသမီး စာမေးပွဲမအောင်ဘူး။ ကျောင်းဆင်းလို့ ကစားရမယ့် အချိန်မှာ ကျူရှင်တက်နေကြရတယ်။ ရွာတိုင်းနေရာတိုင်း ဒီလိုပဲ'' ဟု ပင‌ကျေးရွာမှ နိုင်ဗညားဂဂျော့က ပြောပါသည်။

ကျောင်းဆရာ၊ ဆရာမအများစုမှာ ကျူရှင်သင်နိုင်ရန်သာ ကြိုးစားကြသဖြင့် စာသင်ခန်းတွင်း သင်ကြားရေးကို အပြည့်အဝ အာရုံမစိုက်နိုင်ချေ။ ၎င်းအပြင် ကျူရှင်တက်သော ကျောင်းသား၊ ကျောင်းသူနှင့် ကျူရှင်မတက်သူအကြား ခွဲခြားဆက်ဆံမှုများ ရှိကြောင်းလည်းသိရသည်။

▲ စာမျက်နှာ – ၁ မှ အဆက်

# မွန်အမျိုးသားကျောင်းမှ အစိုးရကျောင်းသို့ ပြောင်းရွှေ့မည်ဆိုပါက စာသင်နှစ် ၁ နှစ် နှစ်နာမည်

မွန်အမျိုးသားကျောင်းမှ အစိုးရကျောင်းသို့ ပြောင်းရွှေ့ ပညာသင်ယူမည်ဆိုပါက လက်ရှိပညာသင်ယူနေသော အတန်းအောက် တစ်တန်းလျှော့၍ တက်ရောက်သင်ယူမှသာ ပြောင်းရွှေ့ခြင်းကို လက်ခံမည်ဟု ရသေ့တောင်ကျေးရွာကျောင်းအုပ်က မွန်အမျိုးသားကျောင်းမှ ဆရာ၊ ဆရာမများကို ပြောဆိုခဲ့သည်။

ရသေ့တောင် မွန်အမျိုးသားကျောင်းမှ ကျောင်းသား(သူ)တစ်ဦး ဆဋ္ဌမတန်း အောင်မြင်ပြီးနောက် သတ္တမတန်းတက်ရန် အစိုးရကျောင်းသို့ သွားရောက်မေးမြန်းရာတွင် ထိုကဲ့သို့ ပြောဆိုခဲ့ခြင်းဖြစ်သည်။

''ကျွန်တော်တို့ရွာက အမျိုးသားကျောင်းမှာက (၆) တန်းအထိရှိတယ်၊ ဒီနှစ် (၆) တန်းအောင်သွားတာ (၅) ယောက်ရှိတယ်၊ တကယ်ဆို အံဒင်မှာသွားပြီး အထက်တန်းပညာ ဆက်သင်ရမှာ၊ သွားလာရေးခက်ခဲတော့ ကျောင်းသားမိဘတွေက အစိုးရကျောင်းကို ပြောင်းချင်တယ်၊ သွားမေးကြည့်တော့ သူတို့ကျောင်းနေချင်ရင် တစ်တန်းလျှော့ရမယ်လို့ ကျောင်းအုပ်က ပြောလိုက်တယ်၊ (၆) တန်းအောင်တဲ့ကလေးဆို (၇) တန်းမှာ လက်မခံဘဲ (၆) တန်းမှာပဲ နောက်တစ်နှစ် ထပ်နေရမယ့် သဘောပေါ့'' ဟု ရသေ့တောင် အမျိုးသားကျောင်းဆရာ နိုင်ဗညားအိန်က ပြောပါသည်။

''ဒီကိစ္စက ကြားနေတာ ကြာပြီ၊ အခုမှ နဖူးတွေ့ဒူးတွေ့ ကိုယ့်ရွာမှာ တွေ့ရတာ၊ တစ်ခြားနေရာမှာလည်း ဒီလိုပဲ၊ ဒါပေမယ့် တာဝန်ရှိသူတွေကတော့ ဒီကိစ္စကို အရေးမပါသလို သဘောထားပြီး ဘာမှလည်း ဖြေရှင်းမပေးဘူး၊ ကျွန်တော့်အမြင်ကတော့ ဒီကိစ္စက မဖြစ်သင့်ဘူးလေ၊ အရည်အချင်းတန်းတူ ထားရမှာပေါ့၊ အမျိုးသားပညာရေးကို ဖိနှိပ်ချင်တော့ သူတို့အတန်းပညာကိုပဲ တန်ဖိုးထားတယ်ဆိုတဲ့ အဓိပ္ပာယ်ပဲ'' ဟု ၎င်းက ဆက်ပြောပါသည်။

ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပိုမိုဝေးလံသော ဒေသသို့ သွားရောက်ပညာသင်ရမည်လော သို့မဟုတ် မိမိရွာရှိ စာသင်ကျောင်းတွင် ပညာသင်ယူနိုင်ရန်အတွက် စာသင်နှစ်တစ်နှစ် အနာခံပြီး အတန်းလျှော့ခြင်းကို လက်ခံရမည်လော ဆိုသည်ကို ဝေခွဲမရဘဲ စိတ်ဒုက္ခရောက်လျက် ရှိသည်။

မူလတန်းလွန်ပညာအတွက် မွန်အမျိုးသားကျောင်းမှ အစိုးရကျောင်းသို့ ပြောင်းရွှေ့လိုသော ကျောင်းသား၊ ကျောင်းသူများ ရှိပါက ၎င်းကျောင်းသား၊ ကျောင်းသူများအနေဖြင့် စတုတ္ထတန်းစာမေးပွဲ ဖြေဆိုချိန်တွင် အစိုးရကျောင်းသို့ သွားရောက်ဖြေဆိုရန် စီစဉ်မှုများ ရှိခဲ့သော်လည်း မွန်အမျိုးသားပညာရေးကော်မတီမှ သဘောမတူသဖြင့် ခွင့်ပြုခဲ့ခြင်း မရှိချေ။

''ကျွန်တော့်အမြင်ကတော့ မြို့နယ်အဆင့် တာဝန်ရှိသူတွေ ကျောင်းအုပ်တွေ အချင်းချင်း ညှိနှိုင်းပြောဆိုသင့်တယ်၊ မွန်အမျိုးသားကျောင်းက ကလေးတွေ အစိုးရကျောင်း ပြောင်းမယ်ဆိုရင် မိဘတွေ ကျောင်းသွားမအပ်နဲ့၊ မွန်အမျိုးသားပညာရေးကော်မတီက အစိုးရကျောင်း ကကျောင်းအုပ်နဲ့ သွားဆွေးနွေးပါစေ၊ အဲဒါဆို ပိုအဆင်ပြေမယ်''ဟု ၎င်းက ဆက်ပြောပါသည်။

မြန်မာအစိုးရအနေဖြင့် တိုင်းရင်းသားတို့၏မိခင်ဘာသာစကား သင်ကြားရေးကို မသက်သာသဖြင့် စာရွက်ပေါ်တွင် ဟန်ပြခွင့်ပြုခဲ့သော်လည်း ထောက်ပံ့အားပေးခြင်း မရှိသည့်အပြင် သီးခြားလွတ်လပ်စွာ ရပ်တည်နေသော အမျိုးသားကျောင်းများကို လွှမ်းမိုးချုပ်ကိုင်နိုင်ရန် နည်းမျိုးစုံဖြင့် ကြိုးစားလျက်ရှိသည်။

# လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်ပတ်သက်၍ တိုင်တန်းသူ နည်းပါး

မွန်ပြည်နယ်တွင် နေထိုင်ကြသော ပြည်သူလူထုများအနေဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ပတ်သက်၍ တိုင်တန်းကြားမှု ပြုလုပ်ခြင်း အလွန်တရာ နည်းပါးကြောင်း မွန်လူငယ်ပညာရေးအဖွဲ့ (Mon Youth Education Organizat ion – MYEO) မှ အသိပညာပေးရေး တာဝန်ခံ နိုင်ကျိုက်ကျွန်းက ပြောပါသည်။

အခွင့်အရေး ချိုးဖောက်မှုများကို သိရှိနားလည်နိုင်ရန်အတွက် ပညာပေးမှုများကို အရှိန်အဟုန်မြှင့် လုပ်ဆောင်ရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောဆိုပါသည်။

''ပထမဆုံးအနေနဲ့ ရွေးကောက်ပွဲဆိုင်ရာ ချိုးဖောက်မှုတွေအတွက် သက်သက်ကို သင်တန်း (၆) ကြိမ်လောက် ပေးဖို့ ရည်ရွယ်ထားပါတယ်၊ မွန်ပြည်နယ်မှာ အခုအချိန်အထိ လူ့အခွင့်အရေးချိုးဖောက်မှုတွေ ဒေသတိုင်းမှာ တော်တော်များများ ဖြစ်နေတယ်၊ ဒါပေမယ့် ပြည်သူလူထုက ရိုးသားပြီး လုပ်ရဲကိုင်ရဲလည်းမရှိတော့ ချိုးဖောက်မှုတွေနဲ့ပတ်သက်ပြီး သက်ဆိုင်ရာဌာနတွေကို တိုင်တန်းတာ အင်မတန်နည်းတယ်၊ တိုင်တာရှိပေမယ့် တော်တော်နည်းတယ်''ဟု နိုင်ကျိုက်ကျွန်းက ပြောပါသည်။

ချိုးဖောက်မှုများကို စာနယ်ဇင်းအဖွဲ့များနှင့် သတင်းဌာနများ သိရှိနိုင်ရန် သတင်းစာ ရှင်းလင်းပွဲများ ပြုလုပ်ရန် စီစဉ်ထားကြောင်း၊ ထို့မှတဆင့် လွှတ်တော်အမတ်များကို တင်ပြနိုင်ရန်နှင့် ပညာပေးရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် လုပ်ဆောင်နိုင်ရန် ကြိုးစားသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်ပြောပါသည်။

''ချိုးဖောက်မှုတွေနဲ့ ပတ်သက်ပြီး တခြားဒေသတွေကို ကြည့်မယ်ဆိုရင် ဆန္ဒပြပွဲတွေ ခဏခဏဖြစ်နေပေမယ့် မွန်ပြည်နယ်မှာ အဲလိုမျိုးတွေ မရှိဘူးဖြစ်နေတယ်။ မွန်ပြည်နယ်မှာ အခွင့်အရေး ချိုးဖောက်မှုတွေ အများကြီးဖြစ်နေတယ်၊ ဒါပေမယ့် ပြည်သူလူထုက တိုင်တန်းရမယ် ဆိုတဲ့အမြင် မရှိသေးဘူး၊ နောက်ဆိုရင် ရွေးကောက်ပွဲက လာတော့မှာ၊ သူတို့ကတော့ ယုံလည်းမယုံကြည်ဘူး၊ စိတ်လည်းမဝင်စားဘူး၊ ဒါပေမယ့် ဒါက ကျွန်တော်တို့ မဖြစ်မနေ ဖြတ်သန်းရမှာပဲ၊ ဒါကြောင့် ရွေးကောက်ပွဲနဲ့ ပတ်သက်တဲ့ ချိုးဖောက်မှုတွေ မခံရဖို့ အရေးကြီးတယ်'' ဟု နိုင်ကျိုက်ကျွန်းက ပြောပါသည်။

မွန်လူငယ်ပညာရေးအဖွဲ့ အနေဖြင့် ပြည်သူများ ၎င်းတို့၏ အခွင့်အရေးကို သိရှိရန်၊ တရားဥပဒေများကို နားလည်ရန်နှင့် အသိအမြင်ကျယ်ပြန့်လာစေရန်အတွက် အဓိကထား လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောဆိုပါသည်။

# ချို့တဲ့လှမ်းဝေး ပညာရေး





မွန် ကျေးလက်ဒေသ ပညာရေးအခြေအနေများနှင့် ပတ်သက်သော စိုးရိမ်ပူပန်မှုများအကြောင်း တင်ပြထားသော ‘ချို့တဲ့လှမ်းဝေးပညာရေး’ အမည်ရှိအစီရင်ခံစာကို မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ ဌာနခွဲတစ်ခုဖြစ်သော အမျိုးသမီးနှင့်ကလေးအခွင့်အရေးအစီအစဉ်က ၂၀၁၅ ဖွန်လ (၂) ရက်နေ့တွင် ထုတ်ဝေခဲ့သည်။ ပညာရေးသည် နိုင်ငံနှင့်လူမျိုးအတွက် အရေးကြီးဆုံးဖြစ်သဖြင့် မွန်ကျေးလက်ပညာရေးအကြောင်းကို သိရှိသုံးသပ် ဝေဖန်နိုင်ရန် အစီရင်ခံစာ အကျဉ်းချုပ်ကို မွန်လူထုအသံတွင်  ထည့်သွင်းဖော်ပြအပ်ပါသည်။

**အစီရင်ခံစာအကျဉ်းချုပ်**

ဤ‘ချို့တဲ့လှမ်းဝေး ပညာရေး’ အစီရင်ခံစာတွင် ကျေးလက်ဒေသနေ မွန်တိုင်းရင်းသားပြည်သူများ ရင်ဆိုင်နေရသော ပညာရေးဆိုင်ရာ အခက်အခဲများကို တင်ပြနိုင်ရန်အတွက် အမျိုးသမီးနှင့်ကလေးအခွင့်အရေးအစီအစဉ်အဖွဲ့သားများက မွန်ပြည်နယ် ရေးမြို့နယ်၊ ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်နှင့် တနင်္သာရီတိုင်း ရေဖြူမြို့နယ်ရှိ မွန်လူမျိုးအများစု နေထိုင်သော ကျေးရွာပေါင်း (၁၇) ရွာကျော်မှ ရွာသူရွာသား (၁၄၆) ဦးကို တွေ့ဆုံမေးမြန်းပြီး မှတ်တမ်းပြုစုခဲ့သည်။

**၁) မှတ်တမ်းပြုစုပုံ**

အမျိုးသမီးနှင့်ကလေးအခွင့်အရေးအစီအစဉ်အဖွဲ့သားများအနေဖြင့် အမျိုးမျိုးသော ပညာရေးဆိုင်ရာ ယန္တရားများကို ချိုင့်မိစေရန် ကြိုးပမ်းခဲ့ပြီး ပညာရေးဝန်ကြီးဌာန လက်အောက်ရှိ မူလတန်းကျောင်း (၃) ကျောင်း၊ ပညာရေးဝန်ကြီးဌာန၏ သြဇာပိုမိုလွှမ်းမိုးသော ပူးပေါင်းကျောင်း (၁၀) ကျောင်းနှင့် မွန်အမျိုးသားပညာရေး ကော်မတီလက်အောက်ရှိ စာသင်ကျောင်း (၁၀) ကျောင်းတို့တွင် ပညာရေးဆိုင်ရာ အချက်အလက်များကို မှတ်တမ်းပြုကောက်ခံခဲ့သည်။

ကျောင်းထွက်ခဲ့ရသော ကလေးများနှင့် တွေ့ဆုံမေးမြန်းမှု အများဆုံးပြုလုပ်ခဲ့ပြီး ကျောင်းသားမိဘများ၊ ဆရာ၊ ဆရာမများနှင့် ရပ်ကျေးအုပ်ချုပ်ရေးပိုင်းမှ လူပုဂ္ဂိုလ်များနှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့သည်။

**၂) ကျောင်းထွက်ခြင်း**

အမျိုးသမီးနှင့် ကလေးအခွင့်အရေးအစီအစဉ်၏ အဓိကရည်ရွယ်ချက်တစ်ခုမှာ ကလေးငယ်များ ကျောင်းထွက်ခဲ့ရခြင်း၏ အကြောင်းရင်းကို သိရှိရန်ဖြစ်သည်။

## ကျောင်းထွက်ရခြင်းအဆင့်ဆင့်

တွေ့ဆုံမေးမြန်းခဲ့သော ကလေးငယ် (၅၁) ဦးက ၎င်းတို့အနေဖြင့် မည်သည့်စာသင်နှစ်တွင် ကျောင်းထွက်ခဲ့ရသည်ကို အမျိုးသမီးနှင့်ကလေးအခွင့်အရေးအစီအစဉ်အား ပြောပြခဲ့သည်။ ကျောင်းထွက်ခဲ့ရသော ကလေးငယ်များ၏ သုံးပုံတစ်ပုံကျော်သည် မူလတန်းပညာကို ဆုံးခန်းတိုင်မသင်ကြားနိုင်ဘဲ ကျောင်းထွက်ခဲ့ရခြင်းဖြစ်သည်။ ကျောင်းထွက်ခဲ့ရသော ကလေးငယ်များ၏ သုံးပုံတစ်ပုံခန့်က မူလတန်းပညာ ပြီးဆုံးလျှင် ပြီးဆုံးခြင်း ကျောင်းထွက်ခဲ့ရသဖြင့် အလယ်တန်းပညာကို ဆက်လက်သင်ယူနိုင်ခြင်း မရှိချေ။

၁ ပူးပေါင်းကျောင်းဆိုသည်မှာ အစိုးရစာသင်ကျောင်းများဖြစ်ပြီး မွန်အမျိုးသား ပညာရေးကော်မတီနှင့် ပူးပေါင်း၍ မွန်စာပေနှင့် ယဉ်ကျေးမှုကို သင်ကြားခွင့်ပြုထားသော စာသင်ကျောင်းများ ဖြစ်သည်။

## အသက်မွေးမှုအခက်အခဲ

(၇၃) ဦးသော ကလေးငယ်များက ၎င်းတို့၏ ကျောင်းထွက်ခဲ့ရခြင်း အကြောင်းရင်းကို အမျိုးသမီးနှင့်ကလေးအခွင့်အရေးအစီအစဉ်အား အသေးစိတ်ပြောပြခဲ့သည်။ တွေ့ဆုံမေးမြန်းခဲ့သော ကလေးငယ်များ၏ သုံးပုံတစ်ပုံကျော်သည် မိသားစု အသက်မွေးမှု အခက်အခဲကြောင့် ကျောင်းထွက်ခဲ့ရခြင်း ဖြစ်သည်။ ကျောင်းသားမိဘများ၊ ဆရာ၊ ဆရာမများနှင့် ရပ်ကျေးခေါင်းဆောင်များကလည်း ဤအချက်ကို ဝန်ခံခဲ့ပြီး တွေ့ဆုံမေးမြန်းမှုပေါင်း (၁၃၅) ခုအနက် (၈၇)ခုက မိသားစု စားဝတ်နေရေးပြဿနာကို ကျောင်းထွက်ရခြင်း၏ အဓိကအကြောင်းရင်းအဖြစ် ဆွေးနွေးပြောဆိုခဲ့သည်။ ဥပမာအားဖြင့် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် အရှေ့ဝေသာလီကျေးရွာမှ ကျောင်းဆရာတစ်ဦးက အောက်ပါအတိုင်း ပြောပြခဲ့သည်။

> ကျောင်းတက်ရမယ့်ကလေးက အယောက် (၂၈၀) လောက်ရှိတယ်။ ဒါပေမယ့် (၂၃၅) ယောက်ပဲ ကျောင်းတက်နိုင်တယ်။ ကျန်တဲ့ကလေးတွေက မိသားစုစားဝတ်နေရေးအခက်အခဲကြောင့် ကျောင်းမတက်နိုင်ဘူး။

## ကျောင်းထွက်ရခြင်း၏ ဖြစ်စဉ်အဆင့်ဆင့်

၁) ကျောင်းနေစရိတ် မြင့်မားလှသောကြောင့် ဆင်းရဲသော မိသားစုများအနေဖြင့် ပညာရေးကုန်ကျစရိတ်များကို သုံးစွဲနိုင်ခြင်း မရှိချေ။ မိုင်ပေါင်းများစွာ ခရီးသွားရခြင်း၊ တခြားဒေသသို့ သွားရောက်ပညာသင်ယူရသဖြင့် ကုန်ကျစရိတ်ပိုမို များပြားခြင်းတို့ကြောင့် ကလေးငယ်များအနေဖြင့် မူလတန်းလွန်ပညာသင်ယူရန် များစွာခက်ခဲလျက်ရှိသည်။

၂) ဆင်းရဲသောမိသားစုမှ ကလေးငယ်များအနေဖြင့် မိသားစုဝင်ငွေအတွက် အလုပ်လုပ်ရခြင်းကြောင့် စာသင်ကျောင်းကို စွန့်ခွာခဲ့ကြရသည်။

၃) စားဝတ်နေရေးခက်ခဲခြင်းက ကျေးလက်နေ ပြည်သူများကို တခြားဒေသသို့ ပြောင်းရွှေ့လုပ်ကိုင်ရန် ဖိအားပေးလျက်ရှိပြီး ရွှေ့ပြောင်းလုပ်သားမိဘများက ကလေးငယ်များကို ကျောင်းထုတ်ကာ ပြောင်းရွှေ့ရာ ဒေသသို့ ခေါ်ဆောင်သွားခဲ့ကြသည်။

၄) ဆင်းရဲသော လူ့အဖွဲ့အစည်းအနေဖြင့် ပညာရေးတန်ဖိုးနှင့် အသုံးဝင်ပုံကို နားလည်ရန် ခက်ခဲလှသည်။ အတန်းပညာ သင်ကြားခြင်းသည် အသက်မွေးဝမ်းကျောင်းမှုကို အထောက်အကူမပြုသည့်အပြင် အကုန်အကျလည်း များပြားလှသည်ဟု ယူဆသဖြင့် ကလေးငယ်များကို ကျောင်းမှထွက်စေခြင်း ဖြစ်သည်။

## ကျောင်းထွက်ရခြင်း၏ နောက်ကွယ်မှ တစ်ခြားအကြောင်းရင်းများ

ဆင်းရဲသော လူ့အဖွဲ့အစည်းအနေဖြင့် ပညာရေးတန်ဖိုးနှင့် အသုံးဝင်ပုံကို နားလည်ရန် ခက်ခဲလှသည်။ အတန်းပညာ သင်ကြားခြင်းသည် အသက်မွေးဝမ်းကျောင်းမှုကို အထောက်အကူမပြုသည့်အပြင် အကုန်အကျလည်း များပြားလှသည်ဟု ယူဆသဖြင့် ကလေးငယ်များကို ကျောင်းမှထွက်စေခြင်း ဖြစ်သည်။

▲ စာမျက်နှာ – ၁၃ သို့

စာသင်ကျောင်းနှင့် အလှမ်းဝေးလွန်းခြင်း။ ။ အများသုံး သွားလာပို့ဆောင်ရေးစနစ်မရှိခြင်း၊ မိုးရာသီတွင် ရေကြီးခြင်း၊ ကျောင်းသွား လမ်းတစ်လျှောက် လုံခြုံမှုမရှိခြင်းကြောင့် ကျောင်းထွက်ခဲ့မှုများ ရှိသည်။ အလယ်တန်း ပညာသင်နှစ်တွင် ကျောင်းထွက်ရခြင်း အကြောင်းရင်းများအနက် သွားလာရေးခက်ခဲခြင်းသည် အဓိကအချက်တစ်ခု ဖြစ်ခဲ့သည်။

ကျောင်းအိပ်ကျောင်းစားနေရခြင်း။ ။ နေထိုင်ရာ ကျေးရွာနှင့် စာသင်ကျောင်း ဝေးကွာမှုကြောင့် ကျောင်းအိပ်ကျောင်းစားနေရသဖြင့် မိသားစုဝင်များကို လွမ်းဆွတ်ခြင်း၊ အနေဝေးသဖြင့် မိဘများက စိတ်ပူပန်နေရခြင်းများသည် အခက်အခဲများ ဖြစ်လာခဲ့သည်။

အိမ်အလုပ်များကို ကူညီလုပ်ကိုင်ရခြင်း။ ။ ကလေးငယ်များအနေဖြင့် ပညာ သင်ယူနေစဉ်တွင် မီးဖိုချောင် လုပ်ငန်းများ ကူညီလုပ်ကိုင်ရခြင်း၊ ညီငယ်ညီမငယ်များကို ကူညီထိန်းကျောင်းရခြင်း စသည့် အိမ်အလုပ်များကို ကူညီလုပ်ကိုင်ရန်အတွက် ကျောင်းထွက်ခဲ့ရခြင်းများ ရှိခဲ့သည်။

ပညာရေးနှင့်ပတ်သက်၍ အတွေ့ကြုံဆိုးများ ခံစားရခြင်း။ ။ သင်ခန်းစာများက ငြီးငွေ့ဖွယ်ရာ ဖြစ်နေခြင်း၊ သင်ခန်းစာမလိုက်နိုင်ခြင်းမှအစ စည်းမျဉ်း စည်းကမ်းများကို မလိုအပ်ဘဲ အလွန်အကျွံသုံးစွဲခြင်းအဆုံး များပြားသောအတွေ့ကြုံဆိုးများကို ထုတ်ဖော်ပြောဆိုခဲ့ကြသည်။

**၃) ကျေးလက်စာသင်ကျောင်းများတွင် သင်ထောက်ကူပစ္စည်းများ မလုံလောက်ခြင်း**

အမျိုးသမီးနှင့် ကလေးအခွင့်အရေးအစီအစဉ်အနေဖြင့် စာသင်ကျောင်းများတွင် သင်ထောက်ကူပစ္စည်းများ လုံလောက်မှုရှိမရှိကို ဒုတိယဦးစားပေး မေးမြန်းခဲ့သည်။ လေ့လာခဲ့သော ကျေးလက်စာသင်ကျောင်း (၂၃) ကျောင်းတွင် (၁၄) ကျောင်းက သင်ထောက်ကူပစ္စည်းများ လုံလောက်မှုမရှိချေ။၂

သင်ထောက်ကူပစ္စည်းမလုံလောက်မှု ပုံစံများ
၁) စာသင်ကျောင်း အဆောက်အဦးများနှင့် ပစ္စည်းကိရိယာများ
မွန်အမျိုးသား မူလတန်းစာသင်ကျောင်းများအနေဖြင့် အမြဲတမ်းစာသင်ကျောင်း အဆောက်အဦး မရှိချေ။ စာသင်ကျောင်းများ သေးငယ်လွန်းခြင်း၊ ဟောင်းနွမ်းဆွေးမြည့်ပြီး ပြုပြင်ရန် လိုအပ်နေခြင်း၊ သီးသန့်စာသင်ခန်း မရှိခြင်းစသည့် လိုအပ်ချက်များကို တွေ့ရှိရသည်။ စာသင်ခုံများ၊ ကုလားထိုင်များ မလုံလောက်ခြင်းနှင့် သောက်ရေသုံးရေရရှိရန် ခက်ခဲခြင်းများကိုလည်း တွေ့ရှိခဲ့ရသည်။

၂) သင်ထောက်ကူပစ္စည်းများ
စာသင်ကျောင်းများတွင် စာရေးကိရိယာများ၊ ပုံနှိပ်စာအုပ်များနှင့် အခြားသောသင်ထောက်ကူပစ္စည်းများ မရှိချေ။

၃) ဆရာဆရာမများ
ဆရာ ဆရာမအရေအတွက် မလုံလောက်ခြင်း၊ တစ်ခြားသော အကြောင်းကိစ္စများကြောင့် ဆရာ၊ ဆရာမများက စာသင်ကြားခြင်း မပြုလုပ်နိုင်ခြင်း၊ ဆရာ ဆရာမအပြောင်းအရွှေ့မြင့်မားခြင်း၊ ဆရာ ဆရာမများ၏ သင်ကြားရေး အတွေ့အကြုံ နုနယ်ခြင်း၊ ဆရာ ဆရာမများ၏ တတ်မြောက်မှု အဆင့်မမီခြင်းစသည့် လိုအပ်ချက်များကို တွေ့ရှိခဲ့သည်။

**မွန်အမျိုးသားစာသင်ကျောင်းအား အစိုးရက ထောက်ပံ့ခြင်း**

အများသုံး သွားလာပို့ဆောင်ရေးစနစ်မရှိခြင်း၊ မိုးရာသီတွင် ရေကြီးခြင်း၊ ကျောင်းသွား လမ်းတစ်လျှောက် လုံခြုံမှု မရှိခြင်းကြောင့် ကျောင်းထွက်ခဲ့မှုများ ရှိသည်။ အလယ်တန်း ပညာသင်နှစ်တွင် ကျောင်းထွက်ရခြင်း အကြောင်းရင်းများအနက် သွားလာရေးခက်ခဲခြင်းသည် အဓိကအချက်တစ်ခု ဖြစ်ခဲ့သည်။

မွန်အမျိုးသားစာသင်ကျောင်းများတွင် သင်ထောက်ကူပစ္စည်းများနှင့် အရင်းမြစ်များ မလုံလောက်မှုကိစ္စနှင့်ပတ်သက်၍ မြန်မာအစိုးရက မွန်အမျိုးသားစာသင်ကျောင်းများကို

၂ သက်ဆိုင်ရာ ကျေးရွာအလိုက် အရင်းအမြစ်လိုအပ်ချက်များကို အစီရင်ခံစာ အပြည့်အစုံ၏ နောက်ဆက်တွဲ (၁) တွင် ဖော်ပြထားသည်။

ငွေကြေးထောက်ပံ့ကူညီရန် ချဉ်းကပ်မှုများ ရှိခဲ့သည်။ သို့သော် အစိုးရအထောက်အပံ့ကို လက်ခံမည်ဆိုပါက မွန်အမျိုးသား စာသင်ကျောင်းများအနေဖြင့် တစ်နေ့လျှင် တစ်နာရီသာ မွန်စာပေသင်ကြားခွင့်ရမည်ဖြစ်ပြီး အစိုးရက ခန့်အပ်သော ဆရာ ဆရာမများကိုလည်း အမျိုးသားကျောင်းများတွင် တာဝန်ပေးရမည်ဖြစ်သည်။ ၎င်းအပြင် အစိုးရက သတ်မှတ်ထားသော ကျောင်းဝတ်စုံကိုလည်း အတည်ပြုသုံးစွဲရမည်ဖြစ်သည်။

အစိုးရအထောက်အပံ့ကို လက်ခံသော အမျိုးသားကျောင်းများ ရှိသကဲ့သို့ အကူအညီကို ခါးခါးသီးသီးငြင်းပယ်သော ကျောင်းများလည်း ရှိသည်။ 'အကူအညီယူတာထက် ဆင်းဆင်းရဲရဲ နေတာကမှ ကောင်းသေးတယ် 'ဟု ကျေးရွာ ဥက္ကဋ္ဌတစ်ဦးက ပြောသည်။ ၎င်းပြောဆိုချက်သည် အစွန်းရောက်သည်ဟု ထင်မြင်ယူဆနိုင်သော်လည်း တိုင်းရင်းသားပဋိပက္ခနှင့် မွန်အမျိုးသား စာသင်ကျောင်းများ၏ လွတ်လပ်သောရပ်တည်မှုနှင့် ပတ်သက်သော ပြည်ထောင်စုအစိုးရ၏ သဘောထားကို မယုံကြည်နိုင်သော သဘောထားများကို စာနာနားလည်သင့်သည်။ ပြင်ပအကူအညီလိုအပ်နေသော မွန်အမျိုးသားစာသင်ကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ၏ ကောင်းကျိုးကို အမှန်တကယ်လိုလားမည်ဆိုပါက မြန်မာအစိုးရအနေဖြင့် ထောက်ပံ့မှုဆိုင်ရာ ထားရှိရမည့် ကတိကဝတ်များနှင့် ပတ်သက်၍ ပြန်လည်စဉ်းစားသင့်ပြီး အမျိုးသားကျောင်းအုပ်ချုပ်ရေးပိုင်းမှ ပုဂ္ဂိုလ်များနှင့် ရပ်ကျေးခေါင်းဆောင်များနှင့် ဆွေးနွေးတိုင်ပင်သင့်သည်။ ထောက်ပံ့မှု ရယူလိုပါက ကတိကဝတ်ကို လိုက်နာရမည်၊ မလိုက်နာနိုင်ပါက ထောက်ပံ့မှုပြုလုပ်မည်မဟုတ်ဆိုသည့် 'ဘူးဆိုဖရုံ မသီးဘူး'ဟူသော သဘောထားသည် ပူးပေါင်းဆောင်ရွက်မှုကို ခက်ခဲစေသည်။

ပြင်ပအကူအညီလိုအပ်နေသော မွန်အမျိုးသားစာသင်ကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ၊ဆရာမများ၏ ကောင်းကျိုးကို အမှန်တကယ်လိုလားမည်ဆိုပါက အစိုးရအနေဖြင့် ထောက်ပံ့မှုဆိုင်ရာ ထားရှိရမည့် ကတိကဝတ်များနှင့်ပတ်သက်၍ ပြန်လည်စဉ်းစားသင့်ပြီး အမျိုးသားကျောင်းအုပ်ချုပ်ရေးပိုင်းမှ ပုဂ္ဂိုလ်များ၊ ရပ်ကျေးခေါင်းဆောင်များနှင့် ဆွေးနွေးတိုင်ပင်သင့်သည်။

## ၄) အကြံပြုချက်

မြန်မာအစိုးရ၊ မွန်အမျိုးသားပညာရေးကော်မတီနှင့် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများအပါအဝင် သက်ဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် အောက်ဖော်ပြပါ အကြံပြုချက်များကို ချက်ချင်းအကောင်ထည်ဖော်ရန် အမျိုးသမီးနှင့်ကလေးအခွင့်အရေးအစီအစဉ်က တိုက်တွန်းလိုက်ပါသည်။

ပညာရေးပြုပြင်ပြောင်းလဲမှု ပိုမိုခိုင်မာစေရန်အတွက်
၁) မြန်မာအစိုးရအနေဖြင့် ပညာရေးအသုံးစရိတ်ကို မြှင့်တင်သုံးစွဲရန်။
၂) မွန်ပြည်သစ်ပါတီနှင့် မွန်အမျိုးသားပညာရေး ကော်မတီတို့အနေဖြင့် ယခုအစီရင်ခံစာ၌ ဖော်ပြထားသော လိုအပ်ချက်များနှင့် ကိုက်ညီသည့် ပညာရေး ပြုပြင်ပြောင်းလဲမှုများကို လုပ်ဆောင်ရန်။
၃) မြန်မာအစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအနေဖြင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် ပညာရေးပြုပြင်ပြောင်းလဲမှုအကြောင်းကို ထည့်သွင်းဆွေးနွေးရန်နှင့် အထူးသဖြင့် ယခုအစီရင်ခံစာ၌ ဖော်ပြထားသော အကြောင်းအရာများကို အဓိကထား ဆွေးနွေးရန်။

ဆင်းရဲမွဲတေမှုကြောင့် ပညာရေးအပေါ်ထိခိုက်မှုကို လျှော့ချရန်အတွက်
၁) မြန်မာအစိုးရနှင့် နိုင်ငံတကာအလှူရှင်များအနေဖြင့် မွန်ကျေးလက်ဒေသများတွင် ဆင်းရဲမွဲတေမှု လျှော့ချနိုင်ရန်အတွက် ပူးပေါင်းဆောင်ရွက်ရန်။
၂) မြန်မာအစိုးရနှင့် မွန်အမျိုးသားပညာရေး ကော်မတီတို့အနေဖြင့် ကျောင်းနေအရွယ်ကလေးများနှင့် ကျောင်းတက်နေသည့်ကလေးများ အချိုးအစားနှင့်ပတ်သက်၍ မွန်ဒေသနှင့် တစ်နိုင်ငံလုံးအတိုင်းအတာကြား ကွာဟမှုကို သိရှိနိုင်ရန် လေ့လာမှုစနစ်တစ်ခုကို ထားရှိရန်။

၃) မြန်မာအစိုးရ၊ မွန်အမျိုးသားပညာရေး ကော်မတီနှင့် နိုင်ငံတကာအလှူရှင်များအနေဖြင့် ကျေးလက်ဒေသများတွင် ကျောင်းနေစရိတ် လျှော့ချနိုင်ရန်၊ ချမှတ်ထားသော မသင်မနေရ အခမဲ့ပညာရေးစနစ်ကို အမှန်တကယ် အကောင်ထည်ဖော်ရန်၊ အခမဲ့ပညာရေးစနစ်ကို အလယ်တန်းပညာအထိ တိုးချဲ့နိုင်ရန်၊ ရပ်ဝေးဒေသတွင် ကျောင်းတက်နေရသော ကလေးများအတွက် ပညာသင်ဆုထောက်ပံ့ချီးမြှင့်ရန်။
၄) မြန်မာအစိုးရ၊ မွန်အမျိုးသား ပညာရေးကော်မတီနှင့် နိုင်ငံတကာ အလှူရှင်များအနေဖြင့် ကလေးများ စဉ်ဆက်မပြတ် ပညာသင်ယူနိုင်ရန်နှင့် ကျောင်းမတက်နိုင်သော ကလေးများအတွက် ကျောင်းပြင်ပ ပညာသင်ယူမှုစနစ်ကို အကောင်ထည်ဖော်လုပ်ဆောင်ရန်။
၅) မြန်မာအစိုးရနှင့် မွန်အမျိုးသား ပညာရေးကော်မတီတို့အနေဖြင့် ရွှေ့ပြောင်းအလုပ်သမားများ၏ ကလေးငယ်များ ပညာသင်ယူမှု လွယ်ကူစေရန်အတွက် အဆင်ပြေစွာဖြင့် ကျောင်းပြောင်းနိုင်ရန် စီစဉ်ပေးရန်။
၆) မြန်မာအစိုးရ၊ မွန်အမျိုးသားပညာရေးကော်မတီ၊ မွန်လူထုအခြေပြုအဖွဲ့အစည်းများနှင့် နိုင်ငံတကာအလှူရှင်များအနေဖြင့် စွမ်းရည်မြှင့်တင်မှု၊ ပညာပေးစည်းရုံးမှုနှင့် အလုပ်အကိုင်ဖန်တီးပေးမှုများ လုပ်ဆောင်ပြီး ပညာရေးအပေါ် ထားရှိသော ပြည်သူလူထုတို့၏ သဘောထားအမူအကျင့်ကို ပြန်လည်တည့်မတ်ရန်။

အခြားကျန်ရှိနေသော အခက်အခဲများကို ဖြေရှင်းရန်အတွက်
၁) မြန်မာအစိုးရနှင့် မွန်အမျိုးသားပညာရေး ကော်မတီတို့အနေဖြင့် လက်ရှိ ပထဝီအနေအထားနှင့် ကိုက်ညီသော မြေပုံများ ရေးဆွဲရန်နှင့် ပညာရေးဆိုင်ရာ မဟာဗျူဟာများ ချမှတ်ရန်၊ မွန်ဒေသရှိ စာသင်ကျောင်းများအားလုံး၏ တည်နေရာကို မြေပုံရေးဆွဲရန်၊ ပညာသင်ယူမှု လွယ်ကူစေရန်အတွက် လိုအပ်သောနေရာများတွင် စာသင်ကျောင်းသစ်များ တည်ဆောက်ရန်။
၂) မြန်မာအစိုးရနှင့် မွန်ပြည်သစ်ပါတီတို့အနေဖြင့် အခြေခံအဆောက်အဦးနှင့် လမ်းတံတားများကို တည်ဆောက်ပေးရန်နှင့် ကျောင်းသွားရာ ခရီးလမ်းတစ်လျှောက် လုံခြုံမှုရှိစေရန် ဆောင်ရွက်ပေးရန်။

> ကျောင်းနေစရိတ် မြင့်မားလှသောကြောင့် ဆင်းရဲသော မိသားစုများ အနေဖြင့် ပညာရေးကုန်ကျစရိတ်များကို သုံးစွဲနိုင်ခြင်း မရှိချေ။ နေအိမ်နှင့် ကျောင်းတည်နေရာ အလှမ်းဝေးလွန်းခြင်း၊ တခြားဒေသသို့ သွားရောက်ပညာသင်ယူရသဖြင့် ကုန်ကျစရိတ်ပိုမိုများပြားခြင်းတို့ကြောင့် ကလေးငယ်များ အနေဖြင့် မူလတန်းလွန်ပညာသင်ယူရန် များစွာခက်ခဲလျက်ရှိသည်။

အရင်းအမြစ်ရှားပါးမှုပြဿနာကို ဖြေရှင်းရန်အတွက်
၁) မြန်မာအစိုးရနှင့် မွန်အမျိုးသားပညာရေး ကော်မတီတို့အနေဖြင့် သက်ဆိုင်ရာဒေသရှိ စာသင်ကျောင်းများ၏ အရင်းအမြစ် လိုအပ်ချက်စစ်တမ်းကို ကောက်ယူရန်။
၂) မြန်မာအစိုးရနှင့် မွန်အမျိုးသားပညာရေး ကော်မတီတို့အနေဖြင့် ဆရာ၊ ဆရာမများ၏ လစာများကို တိုးမြှင့်ခြင်းနှင့် ဆရာ၊ ဆရာမများအတွက် မွမ်းမံသင်တန်းများ စီစဉ်ပေးခြင်းဖြင့် လူ့အရင်းအမြစ် ရှားပါးခြင်းပြဿနာကို ဖြေရှင်းရန်။
၃) မွန်အမျိုးသားပညာရေး ကော်မတီအနေဖြင့် ဘဏ္ဍာရေးဆိုင်ရာ လိုအပ်ချက်နှင့် အဖွဲ့အစည်း တိုးတက်မှုဆိုင်ရာ လိုအပ်ချက်များကို သိရှိနိုင်ရန် လက်ရှိပညာရေး အသုံးစရိတ်နှင့်ပတ်သက်၍ တိကျသေချာစွာ ပြန်လည်ဆန်းစစ်ရန်နှင့် သုံးသပ်လေ့လာရန်။
၄) မြန်မာအစိုးရအနေဖြင့် အမျိုးသားကျောင်းများအပေါ် သတ်မှတ်ထားသော ထောက်ပံ့မှုရယူရေးဆိုင်ရာ ကတိကဝတ်များကို ပြန်လည်သုံးသပ်ဆွေးနွေးရန်နှင့် အမျိုးသားကျောင်းများ၏ လွတ်လပ်သောရပ်တည်မှုကို ထိခိုက်ခြင်းမရှိစေဘဲ အစိုးရထံမှ အကူအညီများ ရယူနိုင်ရန်အတွက် ဖြေလျှော့မှုများ ပြုလုပ်ပေးရန်။
၅) နိုင်ငံတကာအလှူရှင်များအနေဖြင့် အမျိုးသားကျောင်းနှင့် အစိုးရတို့ ထောက်ပံ့ရေးဆိုင်ရာ သဘောတူညီမှု ရရှိသည်အထိ အစိုးရမဟုတ်သော အဖွဲ့အစည်းများအား ပညာရေးဆိုင်ရာ ထောက်ပံ့မှု ဆက်လက်ပြုလုပ်ရန်။

ယခုအစီရင်ခံစာတွင် ပါရှိသော တွေ့ရှိချက်များနှင့် အကြံပြုချက်များသည် ပညာရေးကဏ္ဍတွင် ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရန်၊ လက်တွေ့ဆန်သော ညှိနှိုင်းဆွေးနွေးမှုများ စတင်ရန်နှင့် နောက်ထပ် သုတေသနများ ပြုလုပ်ရန်အတွက် အချက်အလက်ကောင်းများဖြစ်သည်ဟု အမျိုးသမီးနှင့် ကလေးအခွင့်အရေးအစီအစဉ်က အလေးအနက် ယုံကြည်ကြောင်း ဖော်ပြအပ်ပါသည်။

• • • •

## မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းကို ၁၉၈၈ ခုနှစ် လူထုလှုပ်ရှားမှုတွင် ပါဝင်ခဲ့သည့် ဒီမိုကရေစီစနစ်ကို အားပေးထောက်ခံသော ကျောင်းသားများ၊ တက်ကြွလှုပ်ရှားသူများ၊ မွန်လူထုခေါင်းဆောင်များနှင့် လူငယ်များ စုပေါင်းတည်ထောင်ခဲ့ခြင်း ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် ထွန်းကားရေး၊ လူ့အခွင့်အရေး ရရှိရေးနှင့် စစ်မှန်သောငြိမ်းချမ်းရေး ပေါ်ပေါက်လာရေးတို့ကို အဓိကရည်ရွယ်ချက်ဖြင့်ထားရှိကာ ထူထောင်ခဲ့ခြင်းဖြစ်သည်။ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းသည် အကျိုးအမြတ်မယူသော လူ့အခွင့်အရေးအဖွဲ့တဖွဲ့ဖြစ်ပြီး အဖွဲ့ဝင်များအားလုံးသည် တူညီသော ရည်မှန်းချက်ပန်းတိုင်ကို တူညီသော အတွေးအမြင်များဖြင့် ချီတက်နေကြသော စေတနာ့ဝန်ထမ်းများ ဖြစ်သည်။ မွန်ဒေသနှင့် မြန်မာနိုင်ငံတောင်ပိုင်းဒေသများမှ လူ့အခွင့်အရေး အခြေအနေများကို စောင့်ကြည့်လေ့လာခြင်းဖြင့် မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် ထွန်းကားလာစေရန် ဒေသဆိုင်ရာ တိုင်းရင်းသား လူ့အခွင့်အရေးအဖွဲ့တစ်ဖွဲ့အနေဖြင့် ကျရာတာဝန်ကို ထမ်းဆောင်လျှက်ရှိသည်။ မြန်မာနိုင်ငံတွင် ပြုပြင်ပြောင်းလဲရေးများ အရှိန်အဟုန်ဖြင့် ပေါ်ပေါက်လာစေရန် လူ့အခွင့်အရေးဆိုင်ရာ သတင်းအချက်အလက်များ ဖြန့်ဝေခြင်းနှင့် အစီရင်ခံစာများ ထုတ်ဝေခြင်းဖြင့် တွန်းအားပေးလျှက်ရှိသည်။ မွန်လူထုအသံဟူသော လူ့အခွင့်အရေးစာစောင်ကို ပုံမှန်ထုတ်ဝေလျှက်ရှိပြီး လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာများကိုလည်း အခါအားလျော်စွာ ထုတ်ဝေလျှက် ရှိသည်။

### ပန်းတိုင်

နိုင်ငံသားအားလုံး လူ့အခွင့်အရေးကို အပြည့်အဝ ရရှိခံစားနိုင်စေရန်။

### ရည်ရွယ်ချက်

(၁) လူ့အခွင့်အရေးနှင့် ပတ်သက်သော သတင်းအချက်အလက်များ ပြည်သူလူထုအကြား ပိုမိုပျံ့နှံ့သိရှိနိုင်စေရန်။
(၂) လူ့အခွင့်အရေးနှင့် ပတ်သက်ပြီး ပြည်သူလူထုကို ပညာပေး လှုံ့ဆော်ရန်။
(၃) လူ့အခွင့်အရေးနှင့် ပတ်သက်သည့် လှုပ်ရှားမှုများတွင် ပြည်သူများ ပူးပေါင်းပါဝင်လာစေရန်။

## စာဖတ်သူမိတ်ဆွေများထံမှ ဝေဖန်အကြံပြုစာ တောင်းခံခြင်း

ချစ်ခင်လေးစားအပ်ပါသော စာဖတ်သူမိတ်ဆွေများခင်ဗျား

မြန်မာနိုင်ငံ လူ့အခွင့်အရေးကို ကာကွယ်မြှင့်တင်ရန် ရည်ရွယ်ပြီး မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ လူ့အခွင့်အရေးစာစောင်ကို ထုတ်ဝေလျှက်ရှိသည်။ သတင်းအချက်အလက်များနှင့် ပတ်သက်ပြီး တိကျသေချာစေရန် အကြိမ်ကြိမ် အထပ်ထပ် စိစစ်အတည်ပြုမှုများ ဆောင်ရွက်နေရသဖြင့် အချိန်နောက်ကျခြင်းများ ဖြစ်ပေါ်ခဲ့ပါက စာဖတ်သူ မိတ်ဆွေများအနေဖြင့် နားလည်ပေးစေလိုကြောင်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ ပန်ကြားအပ်ပါသည်။ ကျွန်ုပ်တို့ထံသို့ ဝေဖန်အကြံပြုစာများ ပေးပို့လိုလျှင်ဖြစ်စေ၊ စာစောင်များအား လက်ခံရယူလိုလျှင်ဖြစ်စေ အောက်ပါလိပ်စာအတိုင်း လိပ်မူပြီး ပေးပို့တောင်းခံနိုင်ပါသည်။

ရိုသေလေးစားစွာဖြင့်
ဒါရိုက်တာ
မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း

Rehmonnya.org
The official website of Human Rights Foundation of Monland
www.rehmonnya.org

Human Rights Foundation of Monland - Burma
P.O Box 35,
Sangkhlaburi Post Office, Kanchanaburi 71240,
Thailand.

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ ထုတ်ဝေသည်




# မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက ထုတ်လုပ်သော လူ့အခွင့်အရေးရုပ်ရှင် ဒေါ်အောင်ဆန်းစုကြည်ဆု ရရှိ

ဇွန် ၂၄၊၂၀၁၅

ဒါရိုက်တာမင်းသန်းဦး ရိုက်ကူးပြီး မွန်ပြည်လူ့အခွင့်အရေး ဖောင်ဒေးရှင်းက ထုတ်လုပ်သော 'နိဒါန်း'အမည်ရှိ လူ့အခွင့်အရေး ရုပ်ရှင်သည် ၂၀၁၅ မြန်မာနိုင်ငံ လူ့အခွင့်အရေး လူ့ဂုဏ်သိက္ခာရုပ်ရှင်ပွဲတော်တွင် ဒေါ်အောင်ဆန်းစုကြည်ဆု ရရှိခဲ့ကြောင်း သိရသည်။

မွန်ဘာသာဖြင့် ရိုက်ကူးပြီး ဗမာစာတန်းထိုးထားသော ၎င်းရုပ်ရှင်သည် မြန်မာနိုင်ငံတောင်ပိုင်း ရေးမြို့နယ် အံ့ဒင်ကျေးရွာတွင် တိုယို–ထိုင်းကုမ္ပဏီက တည်ဆောက်မည့် ကျောက်မီးသွေးစွမ်းအင်သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံအပေါ် ဒေသခံများ၏ စိုးရိမ်ပူပန်မှုများကို အသေးစိတ်ပုံဖော်ထားသည်။

တိုယို–ထိုင်းကုမ္ပဏီသည် ၂၀၁၄ ပြေီတွင် အံ့ဒင်ကျေးရွာသို့ ရောက်ရှိလာခဲ့ပြီး လျှပ်စစ်ဓာတ်အားပေးစက်ရုံအတွက် ကျောက်မီးသွေး လိုအပ်ချက်ကို ဖြည့်တင်းပေးနိုင်ရန် အံ့ဒင်ကျေးရွာနှင့် မီတာ (၅၀၀) အကွာတွင် ရေနက်ဆိပ်ကမ်းတစ်ခု တည်ဆောက်ရန်အတွက် မြေဧက (၅၀၀) ဝယ်ယူမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ ထို့ပြင် ကုမ္ပဏီက ရွှေ့ပြောင်းအလုပ်သမား (၂၀၀၀၀) ကျော်ကိုလည်း အံ့ဒင်သို့ ခေါ်ဆောင်လာမည်ဖြစ်ဖြစ်သည်။

နိုင်အစွန်းလဝီဟု လူသိများသော ဒါရိုက်တာမင်းသန်းဦးက မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ ထောက်ပံ့မှုဖြင့် ၎င်းရုပ်ရှင်ကို အံ့ဒင်ကျေးရွာတွင် သုံးလတာ ရိုက်ကူးခဲ့သည်။

ရုပ်ရှင်က အဓိကဖော်ပြလိုသော အကြောင်းအရာမှာ အသွင်ကူးပြောင်းရေးကာလတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများက ဒေသခံ ပြည်သူများကို ဆိုးကျိုးဖြစ်စေခြင်း ဖြစ်သည်။ အစိုးရအရာရှိများနှင့် ဒေသခံပြည်သူတို့၏ ကွဲလွဲသော သဘောထားများ၊ စီမံကိန်းကြောင့် မြေယာများ၊ သယံဇာတအရင်းအမြစ်များ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများနှင့် ကိုးကွယ်မှုဘာသာတရားများ ထိခိုက်ပျက်စီးလာမည်ကို စိုးရိမ်နေသော ဒေသခံပြည်သူတို့၏ ခံစားမှုများကို အထင်သား တွေ့မြင်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံ လူ့အခွင့်အရေး လူ့ဂုဏ်သိက္ခာရုပ်ရှင်ပွဲတော်ကို ဇွန်လ (၁၅) မှ (၁၉) ရက်နေ့အထိ နာမည်ကြီးဒါရိုက်တာတစ်ဦးဖြစ်သူ မင်းထင်ကိုကိုကြီးက ဦးဆောင်၍ ကျင်းပခဲ့သည်။ ရုပ်ရှင်ပွဲတော်ကို ဒေါ်အောင်ဆန်းစုကြည်နှင့် မင်းကိုနိုင်တို့ကလည်း အားပေးကူညီခဲ့သည်။ ရုပ်ရှင်ပွဲတော်တွင် ပြည်တွင်းနှင့် နိုင်ငံတကာမှ ရုပ်ရှင်စုစုပေါင်း (၆၇)ကား လာရောက်ပြသကြပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုများနှင့်ပတ်သက်သော အကြောင်းအရာများကို ရိုက်ကူး တင်ပြထားသည်။

ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဒေါ်အောင်ဆန်းစုကြည်၏ မွေးနေ့ဖြစ်သော ဇွန်လ (၁၉) ရက်နေ့တွင် ကျင်းပခဲ့သည်။

